**ဒို့တာဝန်အရေးသုံးပါး**
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြဝတီ နေ့စဉ်

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ရှာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ**

the Myawady Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၇)၊ အမှတ်(၈၅)

**ဗုဒ္ဓသမ ရှေကျင်သာသနာပိုင် ဝါဆိုသရာတော်ဘုရားကြီး၏ ဩဝါဒ**

**အစိတ္တာန်ဆုတောင်း**

- ♦ ဗုဒ္ဓဘာသာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော်။
- ♦ မြန်မာမျိုးနွယ် ကမ္ဘာ့လယ်၊ ဝင့်ထည်မြင့်၍ တင့်စေသော်။
- ♦ ကိုယ့်မျိုးကိုယ့်စာ၊ ကိုယ့်မြို့ရွာ၊ ကိုယ်ပါချစ်၍ မြတ်နိုးလော့။
- ♦ ကိုယ့်မိကိုယ့်ဖ၊ ဥာတကွ၊ များလှတာဝန်၊ ယူကြလော့။
- ♦ သူများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်၊ နောက်နောင် ကျေးဇူးသိကြလော့။

# မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ - တင်ဦးဦး

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွား နှင့်ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး နှင့် နှစ်နိုင်ငံပြည်သူများထိတွေ့ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြ သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူ များတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီးနှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Sok Chea လည်း တက်ရောက်သည်။

(သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းအား လက်ခံတွေ့ဆုံ

စာ- ၂ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄° C / ၃၂° C |
| ရန်ကုန် | ၂၃° C / ၂၉° C |
| မန္တလေး | ၂၆° C / ၃၆° C |

**လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စာ- ၁၁ သို့

## ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ကျင်းပ

စာ- ၁၄ သို့





ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော MECHANICAL CAR PARKING







TPW Ideas coming true (BRNo.200904396H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

www.facebook.com/themyawadydaily



# ကနီမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ချင်းတွင်းမြစ်ရေဝင်ရောက်



ကနီ ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်(၁)နှင့် ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၂၀ ကျော်သို့ ယနေ့တွင် ချင်းတွင်းမြစ်ရေများဝင်ရောက်နေပြီး ကနီမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင်ရှိကြောင်း သိရသည်။

ကနီမြို့အခြေစိုက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ ထုတ်ပြန်ချက်အရ ယနေ့ နံနက် ၆ နာရီခွဲတွင် ချင်းတွင်းမြစ်ရေမှာ ၁၂၄၆ စင်တီမီတာအထိ တက်ရောက်ခဲ့၍ ကနီမြို့၏ စိုးရိမ်ရေမှတ် ၁၂၇၀ စင်တီမီတာအောက် ၂၄ စင်တီမီတာ ပေဝက်ခန့်တွင် ရောက်ရှိနေပြီဖြစ်ကာ နောက်နှစ်ရက်အတွင်း မြို့၏ စိုးရိမ်ရေမှတ်အထက် ရောက်ရှိကျော်လွန်နိုင်သည်။

မြို့၏စိုးရိမ်ရေမှတ်အထက် ကျော်လွန်နိုင်သောကြောင့် မြို့ပေါ်ရှိ ရပ်ကွက်များ ရေဝင်ရောက်မှုမှ ကာကွယ်နိုင်စေရန် ကနီမြို့မြစ်ကမ်းဘေးတစ်လျှောက် တာရိုးပေါ်ရှိ ရေဝင်ရောက်နိုင်သော နေရာများတွင် ပြည်သူများက သဲအိတ်များဆင့်၍ ကြိုတင်ကာကွယ်ခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ရေဝင်ရောက်သည့်ကျေးရွာများသို့လည်း မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိရေး ကြိုတင်အသိပေးအကြောင်းကြားထားကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ချင်းတွင်းမြစ်ဖျားပိုင်းတို့တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ ကျေးရွာများနှင့်မြို့ပေါ်ရပ်ကွက်အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၈ ရက်မှစတင်၍ ချင်းတွင်းမြစ်ရေဝင်ရောက်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကာ အနိမ့်ပိုင်းဒေသတွင်လည်း တောင်သူများစိုက်ပျိုးထားသောသီးနှံများ ရေဝင်ရောက်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**သန်းရွှေအောင်(ကနီ)**





## ထာဝရသတိရနေဆဲပါ

➤ ငါတို့ဗိုလ်ချုပ် သူကြီးကုတ်၍
အားထုတ်ရှေ့ရှု ပြည်သာမှုတည့်။
➤ ပြည်သာမှုများ လုပ်ဆောင်ငြားရာ
လိုလားကိုယ်ကျိုး မမျှော်ကိုးတည့်။
➤ ကိုယ်ကျိုးမကြည့် ပြည်ကျိုးရှိရန်
ဇာတိပုည ထက်သန်လှတည့်။
➤ ထက်သန်နိုးကြား မျိုးချစ်အားဖြင့်
တိုင်းခြားနယ်ချဲ့ တွန်းလှန်ခဲ့တည့်။
➤ တွန်းလှန်မှုများ အောင်မြင်အားကြောင့်
တို့များပြည်ရွာ လွတ်လပ်တာတည့်။
➤ ဩော်. . .
အသက်သွေးချွေး ပေးဆပ်ကာရယ်
နယ်ချဲ့ရန်အား ဖယ်ကာရှား၍
တို့များနိုင်ငံ လွတ်လပ်ရန်တွက်
ရည်သန်အားထုတ် တို့ဗိုလ်ချုပ်၏
လုပ်ရပ်တွေအား တွေးရှုငြားတိုင်း
လေးစားဖွယ်ရာ ဂုဏ်ဝင်ဖြာမို့
မြန်မာပြည်သားတို့ နှလုံးသားမှာ။
ထာဝရသတိရ နေဆဲပါ။ ။

**မနောသစ်(ပခုက္ကူ)**

# ရေဘေးရှောင် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်

ကလေးဝ ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်၌ ချင်းတွင်းမြစ်ရေသည် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေပြီး ချင်းတွင်းမြစ်ကမ်းဘေးရှိ နေအိမ်အချို့ ရေဝင်ရောက်နစ်မြုပ်မှုများ ဖြစ်ပေါ်နေသဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းသွားရောက်၍ ရေဘေးရှောင်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ခြင်းဖြစ်သည်။

ယခုအခါတွင် ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာမှ ၁၆၅၀ စင်တီမီတာသို့ ရောက်ရှိနေပြီး မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်နှင့် ချင်းတွင်းမြစ်ကမ်းဘေး ကျေးရွာများရှိ အိမ်ခြေ ၆၀ အိမ်သို့ ရေဝင်ရောက်ခဲ့မှုကြောင့် လူဦးရေ ၃၇၄ ဦး ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်ကြောင်းသိရသည်။

**ထယ်လ်ဇာ**

# ဆိုက်ခေါင်ဒေသထွက် ပျားနာနတ်သီးဈေးကောင်းရ



ဆီဆိုင် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဒေသထွက် ပျားနာနတ်သီး ပေါ်ဦးပေါ်ဖျားဖြစ်သည့်အတွက် မြို့ပေါ်သို့ တိုက်ရိုက်တင်ပို့ရောင်းချသည့်အခါ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"နာနတ်သီးတွေစိုက်ပျိုးတဲ့အခါ တစ်ဧကကို ငွေကျပ် ၁၀ သိန်းဝန်းကျင်ကုန်ကြတယ်။ သုံးနှစ်အထိ စိုက်ပျိုးပြုစုရပြီးသုံးနှစ်ပြည့်တာနဲ့ စတင်အသီးတွေခူးဆွတ်ရတယ်။ ဈေးကွက်သို့ တင်ပို့ရောင်းချတဲ့အခါ တစ်လုံးကို ငွေကျပ် ၃၅၀ မှ ၄၀၀ အထိရရှိတယ်" ဟု နာနတ်သီးစိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ပျားနာနတ်သီးများကို တောင်ကြီးမြို့ပေါ်ရှိ အိမ်ဆိုင်များနှင့်မြို့မဈေးအမှတ်(၅)ဈေး၊ စပ်စံထွန်းဈေးတို့၌ ကိုယ်ပိုင်ကားများဖြင့် လာရောက်တင်ပို့ရောင်းချရာတွင် တစ်လုံးလျှင် ငွေကျပ် ၇၀၀ ဝန်းကျင်အထိ ရရှိပြီး နေပြည်တော်၊ ရန်ကုန်၊ တောင်ကြီး၊ ဟိုပုံးတို့မှ ပွဲစားများက ခြံအထိဝယ်ယူမည်ဆိုပါက ငွေကျပ် ၃၅၀ မှ ၄၀၀ ဝန်းကျင်သာ ရရှိသဖြင့် တောင်သူများအမြတ်နည်းသောကြောင့် အချို့တောင်သူများမှာမြို့ပေါ်သို့ ကိုယ်တိုင်လာရောက်ရောင်းချကြသည်။

ပျားနာနတ်သီးစိုက်ပျိုးရာတွင် ရာသီဥတုနှင့်မြေများ ပြုပြင်မှုကောင်းမည်ဆိုပါက ခုနစ်နှစ်မှ ရှစ်နှစ်ဝန်းကျင်အထိ ဝင်ငွေရရှိပြီး ဆိုက်ခေါင်ဒေသကျေးရွာများတွင် ယခင်က အနည်းအကျဉ်းသာ စိုက်ပျိုးကြရာ ယခုနောက်ပိုင်းတွင် နှစ်အလိုက်ဈေးများတိုးမြင့်လာသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

**(၄၀၅)**

www.facebook.com/themyawadydaily

## လူငယ်နိုင်ငံရေးသမား

တစ်ခုတော့ပြောချင်တယ်။ လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့်ခံစားရမှာမဟုတ်ဘူး။

(၁၉၄၇ ခုနှစ် မတ်လ ၁၃ ရက် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီးဖြစ်သူပြောပြသော အာဇာနည်နေ့အကြောင်း

**တိုင်းပြည်နှင့် လူမျိုးဂုဏ်ကိုဆောင်ပြီး နိုင်ငံတော် လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့သည့် အာဇာနည် ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ ဇူလိုင် ၁၉ ရက် တွင် နှစ်(၇၀)ပြည့်မြောက်တော့မည်ဖြစ်သည်။ အာဇာ နည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်နှင့် တိုင်းပြည် အပေါ်ထားရှိခဲ့သည့် စေတနာများကို ပြည်သူများ သိရှိစေရန် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင် ၏သမီး ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်နှင့် သွားရောက် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပုံကို ဖော်ပြလိုက်ပါသည်။**



ကျွန်မကတော့ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်နဲ့ ဒေါ်ခင်နီတို့ရဲ့သမီး ဒေါ်မြင့်မြင့်ခိုင်ပါ။ အဖေကျဆုံးခဲ့တာ အခုဆိုရင် နှစ် ၇၀ ပြည့်ခဲ့ပါပြီ။ အဖေကျဆုံးသွားတဲ့အချိန်မှာ ကျွန်မက သုံးနှစ်သမီးပဲရှိ သေးတယ်။အဖေ့ရဲ့လုပ်ဆောင်ချက်တွေကို စာစောင် တွေ၊ ဂျာနယ်တွေနဲ့ အမေပြောပြတာတွေအပေါ်မှာ မှီပြီးတော့မှ သိရတာပါ။ အဖေက ဧရာဝတီတိုင်းဒေသ ကြီး ဟင်္သာတမြို့နယ် ယုန်သလင်းရွာဇာတိပါ။ အဖေ က အဲဒီမှာနေပြီး ဖက်ဆစ်ဂျပန်တွေကို ရှုပ်ရှုပ်ချချ တော်လှန်ခဲ့ပြီးတော့ နိုင်ငံရေးဝင်လုပ်ခဲ့တယ်လို့အမေ ကပြောပါတယ်။

၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှာဖွဲ့စည်းတဲ့ ဘုရင်ခံရဲ့အမှုဆောင်ကောင်စီမှာ ပါဝင်တဲ့ပုဂ္ဂိုလ်တွေ က ဆာဟူးဘတ်ရန့်က သဘာပတိပါ။ ဦးအောင်ဆန်းက ဒုတိယသဘာပတိဖြစ်ပြီး ကာကွယ်ရေးနှင့် ပြည်ထဲရေး ကို တာဝန်ယူပါတယ်။ သခင်မြက ပြည်ထဲရေးနှင့် တရား ရေးဌာနကိုတာဝန်ယူပါတယ်။ ဦးဘဖေက ကူးသန်း ရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန၊ ဦးသိန်းဖေက လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဌာန၊ အဖေက စက်မှုလက်မှုနှင့် အလုပ်သမားဌာန၊ ဦးအောင် ဇံဝေက လူမှုဝန်ထမ်းဌာန၊ ဦးစောက ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန၊ ဦးတင်ထွဋ်က ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ သခင်ဘစိန်က သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန၊ ဦးစောဘဦးက မြန်ကြား ရေးဌာနနှင့် ဆာမောင်ကြီးက မြန်လည်ထူထောင်ရေး ဌာနတို့မှာ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီဘုရင်ခံရဲ့ အမှုဆောင်ကောင်စီမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ နဲ့ မန်းဘခိုင်သုံးဦးသာ ဝန်ကြီးဖြစ်ပြီး ကျန်ခေါင်းဆောင် ကြီးတွေက ၁၉၄၇ ခုနှစ်နောက်ပိုင်းကစပြီး ဝန်ကြီး တာဝန်ယူကြတယ်လို့ မှတ်တမ်းတွေမှာပါပါတယ်။ အဲဒီ ကနေ အားလုံးသိပြီးတဲ့အတိုင်း ဇူလိုင် ၁၉ ရက်မှာ တော့ အာဇာနည်ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ ဝန်ကြီး ခုနစ်ဦး၊ အတွင်းဝန်တစ်ဦးနဲ့ ရဲဘော်တစ်ဦးတို့အတူ ကျဆုံးသွားခဲ့ကြတာပါ။

ကျွန်မအမေပြောတာဆိုရင်တော့ ကိုယ့်မိသားစု ကောင်းကြောင်း ကိုယ်ပြောနေတယ်လို့ ထင်မှာစိုးပါ တယ်။ အရင်ဝန်ကြီးချုပ်ဦးနု ပြောပြသွားတဲ့ထဲက အကြောင်းအရာတွေကို ပြောပြရမယ်ဆိုရင် အဖေက နိုးသားတယ်။ ပွင့်လင်းတယ်။ မှန်တာကိုပြောဆိုတတ် တယ်။ ဒါကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းက အားကိုးတယ်။ သံယောဇဉ်ရှိတယ်ဆိုတာကို မှန်းဆလို့ ရပါတယ်လို့ ပြောတာတွေကို ကျွန်မဖတ်ဖူးပါတယ်။ ကျွန်မအမေက အဖေကျဆုံးခဲ့ပြီးတော့ ဂျူဗလီဟော မှာစပြီးထားတဲ့အချိန်ကနေ နေ့စဉ်တစ်ရက်မှ မပျက် မကွက်ဘဲ ပန်းခွေလုပ်ပြီးဂါဝရပြုလေ့ရှိပါတယ်။ အရင် တုန်းကတော့ ပန်းခွေမလုပ်တတ်ဘူး။ ဒီတော့ ဂျူဗလီ ဟောမှာလုပ်ထားတဲ့ ပန်းခွေတွေကို ဖြုတ်ကြည့်တယ်။ ဘယ်လိုလုပ်ရလဲကြည့်ပြီးတော့မှ သင်ရတယ်လို့ ပြောပါတယ်။ ပြီးတော့မှအိမ်မှာရှိတဲ့ သူ့ရဲတပည့်တွေနဲ့ ပန်းခွေလုပ်ပြီး ဂါရဝပြုလာတာက ဒီအာဇာနည်နေ့ အခမ်းအနားတွေကျင်းပတာနဲ့ ဘာမှမဆိုင်ခဲ့ပါဘူး။ အဖေတို့ကျဆုံးခဲ့စဉ်က ဒီလိုအခမ်းအနားဆိုတာ မရှိခဲ့ပါဘူး။ သမ္မတကြီး မန်းဝင်းမောင်တက်လာတဲ့ အခါကျမှ အာဇာနည်နေ့အခမ်းအနားကို စတင်ကျင်းပ ဖြစ်လာခဲ့တာပါ။ ဒါပေမဲ့ အမေက အဲဒီအခမ်းအနား တွေနဲ့မပတ်သက်ဘဲ သွားပြီးဂါရဝပြုတာကို အာဇာနည် နေ့အခမ်းအနားကို လာရောက်ပြင်ဆင်တဲ့သူတွေက တွေ့ပြီး သတင်းစာတွေမှာ အမေ့ဓာတ်ပုံတွေကို ဖော်ပြခဲ့ကြပါတယ်။ ဒီလိုနဲ့ နေ့စဉ်ဂါရဝပြုနေ တာက နှစ်ပေါင်းများစွာကြာခဲ့ပါတယ်။ အခက်အခဲမရှိသွား ခွင့်ရနေတဲ့အချိန်ထိပါပဲ။

ကျွန်မတို့ အရွယ်ရောက်လာတဲ့အချိန်မှာလည်း ကျွန်မတို့ကျောင်းတွေ၊ ရုံးတွေမသွားခင်မှာ ကျွန်မတို့ မောင်နှမနှစ်ယောက်နဲ့အတူ အာဇာနည်ကုန်းမှာ ပန်း ခွေချ ဂါဝရပြုပြီးမှ သွားကြရပါတယ်။ လစဉ် ၁၉ ရက် တိုင်း အမေက အိမ်မှာ သံဃာငါးပါးဆွမ်းကပ်ပါ တယ်။ အရက်ဆွမ်းပဲကပ်တဲ့အတွက် ကျွန်မတို့ မောင်နှမနှစ်ယောက်ရဲ့ ကျောင်းတွေ၊ ရုံးတွေ ဘယ်တော့မှမပျက်ခဲ့ပါဘူး။ နှစ်စဉ် အာဇာနည်နေ့မှာ အဖေ့အတွက်ရည်စူးပြီး သက်စေ့ သံဃာ ၄၅ ပါးကို ဆွမ်းကပ်ပါတယ်။ အဲဒါနဲ့အတူ ဝါဆိုသင်္ကန်းကပ်တာနဲ့ အလှူဒါနပြုတာတွေကို လုပ်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ အမေကွယ်လွန်ပါတယ်။ အမေကွယ်လွန်ပြီးတဲ့နောက် မှာတော့ ကျွန်မက ဒီတာဝန်တွေကို ဆက်လက်ထမ်း ဆောင်ခဲ့တာပါ။ ကျွန်မမောင်လေးကလည်း ၁၉၇၇ ခုနှစ်မှာ ကွယ်လွန်သွားတာဖြစ်တဲ့အတွက် ဒီတာဝန် တွေကို ကျွန်မကပဲတာဝန်ယူခဲ့တာ ဒီနေ့အထိပါပဲ။

အရင်က အာဇာနည်နေ့အခမ်းအနားတွေ မကျင်းပမီမှာ ကြိုတင်ပြီး လေ့ကျင့်တာတွေ လုပ်လေ့ရှိပါတယ်။ အစမ်းလေ့ကျင့်ပွဲလုပ်တဲ့အချိန်မှာ အာဇာနည်နေ့အတွက် ပြင်ဆင်ထားရှိတာတွေကို ကျွန်မ တို့ကြိုတင်ပြီး သိခွင့်၊ ဆွေးနွေးခွင့်တွေရခဲ့ပါတယ်။ ကျွန်မဆိုရင် ပုသိမ်ကောလိပ်မှာ တာဝန်ထမ်းဆောင် နေရတဲ့အချိန်မှာတောင် နိုင်ငံတော်ကနေ တာဝန် တစ်ရပ်အနေနဲ့ တရားဝင်ခွင့်ပေးပြီးတော့ တက်ရောက် ဖို့ ဖိတ်ကြားခဲ့တယ်။ အာဇာနည်ခေါင်းဆောင် တွေကို နိုင်ငံတော်က တန်ဖိုးထားလေးစားနေတာက သူတို့ရဲ့ ဂုဏ်သိက္ခာကောင်းမွန်တာတွေကြောင့် လေးစား ကြည်ညိုနေကြတယ်လို့ ထင်ပါတယ်။

နိုင်ငံတော်အတွက် လွတ်လပ်ရေးရဖို့ဆိုတဲ့အချက် ကို တစ်စိတ်တစ်ဝမ်းတည်း ကရင်လူမျိုးရယ်လို့ သီးခြား ဖြစ်မနေဘဲ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့တွဲပြီး မြန်မာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ လုပ်ဆောင်ခဲ့ တယ်ဆိုတာ ကျွန်မသတင်းစာတစ်စောင်မှာ ဖတ်ခဲ့ရ ပါတယ်။ ဒါကြောင့် အာဇာနည်ခေါင်းဆောင်ကြီးတွေက ပြည်ထောင်စုစိတ်ဓာတ်ရှိတယ်ဆိုတာတွေကို ဖော်ပြ ထားတာ ကျွန်မဖတ်ဖူးပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိခဲ့လို့ အားလုံးက တန်ဖိုးထားနေကြတာပါ။

ခေါင်းဆောင်ကြီးတွေရဲ့ ကြိုးပမ်းမှုကြောင့် လွတ်လပ် ရေးရရှိခဲ့တာပါ။ ဒါကြောင့် ဒီလိုအာဇာနည် ခေါင်း ဆောင်ကြီးတွေကို လေးစားစိတ်က ဘယ်လိုမှ မပြောင်း လဲသင့်တဲ့ စိတ်ဓာတ်လို့ထင်ပါတယ် ဟု ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးမန်းဘခိုင်ကို ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် ယုန်သလင်းရွာသူကြီး အဘ နမန်းပေကုန်းနှင့် အမိ ဒေါ်ပုတို့က ၁၉၀၃ ခုနှစ် တွင် ပဥ္စမမြောက်သားအဖြစ် မွေးဖွားခဲ့သည်။ ငယ်စဉ်က ဟင်္သာတမြို့ ABM ကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် မအူပင်မြောက်ပိုင်း ကြားဖြတ်ရွေး ကောက်ပွဲတွင် ဝင်ရောက်အရွေးခံရာ ပြိုင်ဘက်မရှိ အမတ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်နီနှင့် လက်ထပ်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ယုန်သလင်းရွာကို တော်လှန်ရေးဌာနချုပ်အဖြစ်အခြေ ပြုပြီး ဖက်ဆစ်ဂျပန်ကို ရှုပ်ရှုပ်ချချတော်လှန်ခဲ့သည်။

မန်းဘခိုင်သည် ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး အဖြစ် ခန့်အပ်ခံရပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ခြင်း ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**လင်းခန့်**

## အလုပ်အကိုင်ဖွံ့ဖြိုးရေးနှင့် နည်းပညာများမပျောက်ပျက်စေရန် အသက်မွေးဝမ်းကျောင်း သင်တန်းများအခမဲ့ဖွင့်လှစ်ပို့ချပေးမည်

ရန်ကုန် ဇူလိုင် ၁၂

ဒေသတွင်းအလုပ်အကိုင်ဖွံ့ဖြိုးရေးနှင့် နည်းပညာ များ မပျောက်ပျက်စေရန်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း GALAXY of KLD လုပ်ငန်းစုတာဝန်ခံဦးစိုင်းတင်ထွေးထံမှ သိရ သည်။

GALAXY of KLD လုပ်ငန်းစုအနေဖြင့် အလုပ် သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးပြီးပါက စဥ့်ပညာ၊ ဝါးအတတ်ပညာ၊ ကြေးသွန်းနှင့် မှိ စသည့် သင်တန်းများကို ကျေးရွာဒေသခံများအား အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် အခမဲ့သင်တန်းများပေးပြီး နည်းပညာများ ဖြန့်ဝေပေးမည် ဖြစ်သည်။ အဆိုပါ သင်တန်းကို ကရင်ပြည်နယ် ဘားအံမြို့နှင့် နေပြည်တော်တို့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပြီး ပထမဦးစွာသင်တန်းသား ၁၅ ဦးစီဖြင့် သင်တန်း ကာလတစ်လကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်သည်။

ယင်းသင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်သင်ကြားနိုင်ပြီး သင်တန်းစတင်ဖွင့်လှစ်မည် ဆိုပါက ဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာများကို သတင်း စာမှ တစ်ဆင့် တရားဝင်အသိပေးခေါ်ယူသွားမည်ဖြစ် သည်။ သင်တန်းများတွင် ဒေသတွင်း သဘာဝသယံဇာတ များကို အသုံးပြု၍ ပို့ချသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းမှတစ်ဆင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည် အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**kaykay**

www.facebook.com/themyawadydaily



# ယခုဘဏ္ဍာနှစ် သုံးလတာအတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိ

ရန်ကုန် ဇူလိုင် ၁၁

ယခုဘဏ္ဍာနှစ် ဇွန်လကုန်အထိ သုံးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။



လက်ရှိတွင် မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍ၌ လာရောက်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၏ ၆၅ ရာခိုင်နှုန်းမှာ တရုတ်ကုမ္ပဏီများဖြစ်သည်။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းများအနေဖြင့် ပြည်ပဈေးကွက်ရှိသော်လည်း ပြည်တွင်းထုတ်လုပ်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က မြန်မာနိုင်ငံမှ ချုပ်ပြီးအထည်များကို ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့သော်လည်း ယခုနှစ်တွင် ဥရောပသမဂ္ဂမှ အော်ဒါမှာယူမှု ပိုမိုမြင့်တက်လာပြီး ဂျပန်နိုင်ငံနှင့် အပြိုင်ဖြစ်လာကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လက်ခစားစနစ်(CMP) ဖြင့်သာ တင်ပို့နေရသဖြင့် လာမည့်ကာလများတွင် ကိုယ်တိုင်ထုတ်လုပ်ရောင်းချသည့်စနစ် (FOB) ဖြင့် တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၇)

# မြန်မာနိုင်ငံ၌ နည်းပညာသက်မွေးသင်တန်းများ ဖွင့်လှစ်နိုင်မှု ရာခိုင်နှုန်းနည်းပါးနေသေး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ၌ နည်းပညာသက်မွေးသင်တန်းများ ဖွင့်လှစ်နိုင်မှုရာခိုင်နှုန်းမှာ နည်းပါးနေပြီး အနာဂတ်အတွက် လုပ်သားအင်အားများစွာ လိုအပ်နေသေးကြောင်း နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒေါက်တာအေးမြင့်ထံမှ သိရသည်။

နည်းပညာ သက်မွေးပညာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ ချဉ်းကပ်နိုင်မှု ၁ ရာခိုင်နှုန်းပင်မရှိသေးသဖြင့် အနာဂတ်အတွက် လုပ်သားအင်အား များစွာလိုအပ်နေသေးကြောင်း သိရသည်။

"နည်းပညာ သက်မွေးပညာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လက်ရှိချဉ်းကပ်နိုင်မှု ၁ ရာခိုင်နှုန်းမရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ ၁၀ ဆလောက်ကြိုးစားမယ်ဆိုရင်တောင် ၁ ဒသမ ၃ ရာခိုင်နှုန်းလောက်ပဲ ရှိပါသေးတယ်။အဲဒီအတွက် ကျွန်တော်တို့ကြိုးစားဖို့ ပြင်ဆင်လုပ်ဆောင်နေပါတယ်။ နည်းပညာ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်မှာဖြစ်ပါတယ်" ဟု ဒေါက်တာအေးမြင့်ကပြောသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ နည်းပညာ သက်မွေးပညာသင်တန်းကျောင်း ၅၉ ကျောင်းရှိပြီး အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် စက်မှုလက်မှုသင်တန်းကျောင်းတို့မှ တစ်နှစ်လျှင် သင်တန်းသား၊ သင်တန်းသူ ၂၀၀၀၀ ကျော် မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကာလတိုသင်တန်းများအဖြစ် အုတ်စီသင်တန်း၊ ဂဟေ(ဝရိန်)ကျွမ်းကျင်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ ဟိုတယ်နှင့် ခရီးသွားသင်တန်း စသည့်သင်တန်းများကို ADB ၊ GIZ နှင့် UMFCCI အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာလတိုသင်တန်းအတွက် ဧပြီလမှစ၍ ယခုအချိန်ထိ သင်တန်းသား၊ သင်တန်းသူ ၁၀၀၀၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ နည်းပညာနှင့် သက်မွေးပညာအတွက် သင်တန်းများတိုးချဲ့ပေးခြင်းဖြင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေပြီး နိုင်ငံ၏စီးပွားရေးလည်း တိုးတက်အောင်မြင်လာစေမည်ဖြစ်ကြောင်း သိရသည်။

kaykay

# ငါးပိနှင့် ငါးခြောက်ကုန်ကြမ်းအတွက် ပြည်ပမှတင်သွင်းခွင့်ပြုထားပြီး လုပ်ငန်းပိုင်းမှတင်သွင်းသည့်ပစ္စည်းများ မှန်ကန်စွာဖော်ပြရန်လိုအပ်

ရန်ကုန် ဇူလိုင် ၁၁

ငါးပိနှင့် ငါးခြောက်များ ပုံမှန်ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းအတွက် ပြည်ပမှငါးများ တင်သွင်းခွင့်ပြုထားပြီး လုပ်ငန်းပိုင်းမှ တင်သွင်းသည့်ပစ္စည်းများကို မှန်ကန်စွာဖော်ပြရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်ထံမှ သိရသည်။

လတ်တလောတွင် ပို့ကုန်၊ သွင်းကုန်များအတွက် နေ့စဉ် ကွန်တိန်နာအလုံးရေများစွာ ဝင်ရောက်မှုရှိနေသော်လည်း ကွန်တိန်နာအလုံးတိုင်းကို စစ်ဆေးနိုင်ခြင်းမရှိဘဲ ဦးစားပေးစနစ်ဖြင့်သာ စစ်ဆေးနေရသည့်အတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် တင်သွင်းသည့် ကုန်ပစ္စည်းအမည်ကို မှန်ကန်စွာဖော်ပြရန်လိုအပ်သည်။

"ကုန်ပစ္စည်းတွေကို ပို့ချင်တာပဲဖြစ်စေ၊ သွင်းချင်တာပဲဖြစ်စေ ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေရှိပါတယ်။ ခွင့်မပြုတာတွေမရှိဘူး။ လုပ်ငန်းပိုင်းက မှန်မှန်ကန်ကန်ဖော်ပြဖို့ပဲလိုပါတယ်" ဟု ဦးထွန်းဝင်းမြင့်ကပြောသည်။

ထို့ပြင် လတ်တလောတွင် ပြည်တွင်း၌ စားသုံးသည့်ထုတ်ကုန်ကို အခွန်သက်သာစေရန် တိရစ္ဆာန်အစာဟုအမည်တပ်၍ တင်သွင်းခြင်းများရှိနေကြောင်း၊ ပြည်ပမှတင်သွင်းလာသည့် ထုတ်ကုန်များအပေါ် တရားဝင်အခွန်များ တိကျစွာပေးဆောင်ရန်လိုအပ်ပြီး သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်ကြောင်း သိရသည်။

ငါးပိနှင့် ငါးခြောက်လုပ်ငန်းများအတွက် ကုန်ထွက်ရှိမှုနည်းသည့်ရာသီတွင် အပြိုင်အဆိုင် ဝယ်ယူမှုများရှိကြသည့်အပြင် မွေးမြူရေးပိုင်းမှ ဝယ်ယူရာတွင်လည်း ဈေးနှုန်းအတက်အကျမြန်ဆန်ကာ လုပ်ငန်းပိုင်း၌ အဆင်မပြေမှုများ တွေ့ကြုံနေရသည့်အတွက် ငါးပိနှင့် ငါးခြောက်လုပ်ငန်းရှင်များက ငါးပိနှင့် ငါးခြောက်ပြုလုပ်မည့် ငါးများကို ပြည်ပမှ တင်သွင်းလိုခြင်းဖြစ်ကြောင်း သိရသည်။

နေနေ

## မိုးလေဝသ သတင်း




# နိုင်ငံတကာလူငယ်များနေ့အခမ်းအနား ဩဂုတ် ၁၂ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ ကျင်းပမည်




ရန်ကုန် ဇူလိုင် ၁၁

ဩဂုတ် ၁၂ ရက်တွင်ကျရောက်မည့် နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်လူငယ်ကွန်ရက်ဥက္ကဋ္ဌ ဒေါ်သဥ္ဇာရွှန်းလဲ့ရည်ထံမှ သိရသည်။

အဆိုပါအခမ်းအနားကို ယမန်နှစ်က ရန်ကုန်၊ မန္တလေးနှင့် တခြားမြို့တချို့၌သာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ငြိမ်းချမ်းရေးကိုတည်ဆောက်နေတဲ့လူငယ် ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

"နှစ်စဉ် ဩဂုတ် ၁၂ ရက်မှာကျရောက်တဲ့ နိုင်ငံတကာလူငယ်များနေ့အခမ်းအနားကို ပညာရေးတက္ကသိုလ်မှာကျင်းပဖို့ စီစဉ်နေပါတယ်" ဟု ဒေါ်သဥ္ဇာရွှန်းလဲ့ရည်ကပြောသည်။

၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံက ဩဂုတ် ၁၂ ရက်ကို နိုင်ငံတကာလူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး လူငယ်များရင်ဆိုင်နေရသည့် အခက်အခဲများကို ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးနိုင်ရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆုလာဘ်

www.facebook.com/themyawadydaily



# သဘော်သီးစိမ်း၏ထူးခြားသောအာနိသင်များ

ကြည်လွင်မြင့်(မုံရွာ)

သဘော်သီးအစိမ်းသည် ထူးခြားသော အာနိသင်များရှိသည်။ အစာအိမ်နှင့် အူလမ်းကြောင်းကိုကောင်းစေသည်။ အစာအိမ်အနာကိုကျက်စေသည်။ ဆီးလမ်းကြောင်းရောင်ရမ်းခြင်းကို သက်သာစေသည်။ လေနာနှင့်လည်းတည့်သည်။ အညှာမှထွက်သောအစေးသည် ပိုးကိုသေစေနိုင်သည်ဟု အာယုဗ္ဗေဒကျမ်းများတွင်ဆိုသည်။ ကင်းဆိပ်၊ မြွေဆိပ်များကိုပင် ပြေစေနိုင်သည်။

မည်သူ စလိုက်သည်မသိ။ ယခုတလောအင်တာနက် Facebook ပေါ်တွင် "သဘော်သီးအစိမ်း ရေနွေးကြမ်း"ဖြင့် ဆီးချိုရောဂါပျောက်ကင်းနိုင်ကြောင်းပါလာသည်။(အမှန်ကတော့ ဆီးချိုရောဂါသည်ဖြစ်ပြီးလျှင် ပျောက်ကင်းနိုင်သောရောဂါမျိုးမဟုတ်ပါ။ အခိုက်အတန့်သက်သာပြီး အစားအသောက်မဆင်ခြင်လျှင် ဆီးချိုပြန်တက်လာတတ်ပါသည်။)

ဆီးချိုရောဂါပျောက်ကင်းသည်ဆိုသူများကို မေးမြန်းကြည့်သောအခါတွင်လည်း နေ့စဉ်သွေးဖောက်မတိုင်းဘဲ မှန်းခြေနှင့်ပြောခြင်း၊ ဆီးအိုးကို ပုရွက်ဆိတ်မတက်ရုံဖြင့် ဆီးချိုမရှိတော့ထင်နေခြင်းမျှသာဖြစ်ကြောင်းတွေ့ရှိရသည်။ ထိုသူများ အထူးသတိထားသင့်သည်မှာ ဆီးတွင် ပုရွက်ဆိတ်အုံနေသောအဆင့်ရောက်လျှင် သွေးချိုအဆင့် ၁၂ ကျော်နေတတ်သည်။ အတော်ပင်မြင့်နေပြီဖြစ်သည်။

မကြာသေးမီရက်က လူနာဦးလေးကြီးတစ်ဦး(ဆီးချိုရောဂါရှိသူ)ရောက်လာပြီး သူများညွှန်သဖြင့် သူကိုယ်တိုင်စမ်းသပ်ပြီး သဘော်သီးရေနွေးကြမ်းသောက်နေကြောင်းပြောပါသည်။ မည်ကဲ့သို့ပြုလုပ်သနည်းမေးရာ-

"သဘော်သီးအစိမ်းကြီးကြီးတစ်လုံးကိုဝယ်၊ အညှာရှိသောအပိုင်းမှ လက်နှစ်ဆစ်ခန့်ခွာပြီး လှီးဖြတ်လိုက်သည်။ အတွင်းမှအခေါင်းပေါက်ပေါ်လာသောအခါ အစေ့များကို ဇွန်းဖြင့်နှိုက်ထုတ်သည်။ အစေ့များကုန်သောအခါ အတွင်းသို့ လက်ဖက်ခြောက်အနည်းငယ်ထည့်သည်။ ထို့နောက် ရေနွေးဖြူလောင်းထည့်သည်။ ဖြတ်ထားသောအညှာဖြင့် အဖုံးပြန်ပိတ်ပြီး ထောင်လျက်ထားသည်။ နာရီဝက်ခန့်ကြာသောအခါ သဘော်သီးစိမ်းထဲမှာ နှပ်ထားသောရေနွေးကြမ်းကိုငှဲ့ယူပြီး ရေနွေးကြမ်းသောက်သကဲ့သို့သောက်သည်"ဟုပြောပါသည်။ ထူးခြားချက်မှာ သူညတိုင်း ငါးကြိမ်၊ ခြောက်ကြိမ် ဆီးထသွားရသည်မှာ ယခုအခါ သုံးရက်သောက်ပြီး ည နှစ်ကြိမ်သာထရတော့သည်ဟုပြောသည်။ (အမှန်တော့ သွေးဖောက်စစ်ပြီး မှတ်တမ်းထားလျှင် ပိုကောင်းပါမည်။)

သဘော်ရွက်ကို ပြုတ်သောက်လျှင် ကင်ဆာရောဂါပျောက်သည်ဟု မနှစ်ကခေတ်စားခဲ့ပါသည်။ ဂျာနယ်များတွင် ဖတ်ရှုသောအခါ ထိုသတင်းသည် မြန်မာနိုင်ငံမှမဟုတ်၊ ဩစတြေးလျနိုင်ငံမှ သုတေသီအချို့က စခဲ့သည်ဟုသိရသည်။ မြန်မာနိုင်ငံတွင်လည်း စာရေးဆရာကြီးတစ်ဦးမှ ဖြန့်ဝေခဲ့သဖြင့် သဘော်ရွက်ပြုတ်သောက်သူတွေများစွာရှိသည်ဟု သိရသည်။ (လက်တွေ့တိုက်တိုက်ဆိုင်ဆိုင် ကင်ဆာရောဂါပျောက်သူကိုတော့ မတွေ့ရသေးပါ။ မတွေ့ရခြင်းမှာလည်း ကင်ဆာလူနာများသည် အနောက်တိုင်းဆေးနှင့် ဓာတ်ကင်ကုသမှုခံယူနေကြသူများဖြစ်ကြပြီး ကြားအချိန်တွင်လည်း မြန်မာဆေးမြီးတိုကို စမ်းသပ်သုံးစွဲသူများသာဖြစ်သဖြင့် သီးသန့်သဘော်ရွက်ပြုတ်ရည်တစ်ခုတည်း သုံးစွဲကုသနေသူကို မတွေ့ရခြင်းဖြစ်ပါလိမ့်မည်။)

"စာရေးသူအကြိုက်နည်းလမ်းမှာ သဘော်သီးအစိမ်းကို ဟင်းချက်လျှင်(ဘူးသီးဟင်းခါးချက်သကဲ့သို့) အတုံးများတုံးပြီး ဟင်းချက်ပါ။ အခွံနှင့်အသီးကြားမှအစေးများသည် ဆေးဖက်ဝင်သည်။ ဟင်းကျက်ပြီးနောက် ငရုတ်ကောင်းအမှုန့်ဖြူးပြီး ဟင်းခါးအဖြစ်သောက်နိုင်သည်။ ငရုတ်ကောင်းမှုန့်သည် ဆီးရွှင်စေသည်။ ဤဓာတ်စာသည် ဆီးချိုသမားများနှင့်သင့်သည်။"

သဘော်သီးအစိမ်းတွင် ဖြစ်နိုင်ခြေအတော်ရှိသည်မှာ အညှာမှထွက်သောအစေးနှင့် သဘော်သီးစိမ်းတွင်ရှိသောအစေးဓာတ်တို့သည် အဆိပ်ကိုနိုင်သည်ဟု ရှေးကအာယုဗ္ဗေဒကျမ်းစာများတွင် တွေ့ရ ဖတ်ရှုဖူးသောကြောင့်ဖြစ်သည်။ အဆိပ်သည် သဘော်အစေးနှင့်ပြယ်နိုင်သဖြင့် ဆေးဖက်ဝင်သောအစေးဖြစ်သည်ဟု ယူဆနိုင်ပါသည်။

အာယုဗ္ဗေဒဆေးပညာအရ အချိုဓာတ်ကိုပျက်စေရန် အစပ်ဓာတ်ပေးရမည်ဟုဆိုပါသည်။ အခါးကို အရသာအားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း အစာကြေကျက်ပြီးနောက် ဖြစ်ပေါ်သောရသရည်တွင် အခါးသည် ချိုကျက်တတ်သည်ဟုဆိုပါသည်။ ဆီးချိုသမားများအတွက် အချိုဓာတ်သွေးထဲမှာများသဖြင့် ပျက်စေလိုလျှင် အစပ်ဓာတ်ပေးရသည်။

သဘော်သီးအစိမ်းကို နည်းအမျိုးမျိုးဖြင့် ချက်ပြုတ်စားသောက်ကြသည်။ အစိမ်းကို စိန်ခလုတ် ခေါ် အမျှင်များခြစ်ထုတ်နိုင်သည့် လက်ကိုင်ကိရိယာဖြင့် အမျှင်များရယူပြီး လက်သုပ်လုပ်စားကြသည်။ မလာဟင်းအရောင်းဆိုင်များတွင် ယိုးဒယားသဘော်သီးထောင်းဟုရောင်းသည်။ အလွန်အစပ်များသော ယိုးဒယားသုပ်ဖြစ်သဖြင့် အစာအိမ်နှင့်မတည့်ပါ။

စာရေးသူအကြိုက် နည်းလမ်းမှာ သဘော်သီးအစိမ်းကို ဟင်းချက်လျှင်(ဘူးသီးဟင်းခါးချက်သကဲ့သို့) အတုံးများ တုံးပြီး ဟင်းချက်ပါ။ အခွံနှင့်အသီးကြားမှ အစေးများသည်ဆေးဖက်ဝင်သည်။ ဟင်းကျက်ပြီးနောက် ငရုတ်ကောင်းအမှုန့်ဖြူးပြီး ဟင်းခါးအဖြစ်သောက်နိုင်သည်။ ငရုတ်ကောင်းမှုန့်သည်ဆီးရွှင်စေသည်။ ဤဓာတ်စာသည် ဆီးချိုသမားများနှင့်သင့်သည်။

ဆီးချိုရောဂါရှိသူများသည် သဘော်သီးအမှည့်(အဝါရောင်)နှင့် မသင့်သော်လည်းအစိမ်းနှင့်တည့်သည်။ သဘော်သီးဟင်းခါးသည် ဆီးချို၊ သွေးတိုး၊ လေနာ၊ အစာအိမ်ရောင်ရောဂါများအတွက် ကောင်းသည်။ တစ်ပတ်လျှင် တစ်ကြိမ်ချက်စားပါ။ အစာအိမ်လေနာရောဂါ လက်တွေ့ပျောက်သည်။ ။

# ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်

တာချီလိတ် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရပ်ရွာအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့်ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ညနေ ၃ နာရီက မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀)တာချီလိတ်မှ တပ်ဖွဲ့စုမှူး ရဲမှူးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင် က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ရပ်ရွာဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူအသစ် မပေါ်ပေါက်စေရေး သင့်လျော်သည့် မူးယစ်ဆေးအလွဲသုံးမှု ကာကွယ်ရေးနည်းလမ်းများကို ရပ်ရွာလူထုကိုယ်တိုင် ပါဝင်ဖော်ဆောင်နိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် ဗဟုသုတများ လူထုတစ်ရပ်လုံးရရှိစေရန်၊ ရပ်ရွာဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများအား စည်းရုံးဖော်ထုတ်ပြီး ဆေးဖြတ်ကုသမှုခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများအား စည်းရုံးဖော်ထုတ်ဖွဲ့စည်းပြီး လေ့ကျင့်တာဝန်ပေးနိုင်ရန်၊ ဆေးဖြတ်ကုသမှုခံယူပြီးသူများအား ပြန်လည်ထူထောင်မှု ခံယူနိုင်ရန်နှင့် ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုကို စနစ်တကျဆောင်ရွက်ပေးနိုင်ရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်သော နည်းစနစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်အကောင်အထည်ဖော်သွားခြင်းဖြင့် မူးယစ်ဆေးဝါးကင်းရှင်းသော ရပ်ရွာဒေသအဖြစ်ဆောင်ရွက်နိုင်ရေးဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုသရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မူးယစ်တပ်ဖွဲ့စု(၁၀) တာချီလိတ်တို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး တာချီလိတ်၊ တာလေ၊ မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့နယ်တို့မှ မူးယစ်ဆေးဖြတ် သင်တန်းသား ၅၇ ဦး တက်ရောက်ကာ ဇူလိုင်လ ၁၀ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဗဗ၁)

# မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်

မအူပင် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ တိုကျိုအစိုးရမှလှူဒါန်းသော လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးပညာ/ကျန်းမာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနာယက ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး လူနာတင်ယာဉ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူရှင်ကိုယ်စား ဧရာဝတီတိုင်းဒေသကြီးဖောင်ဒေးရှင်းနာယက ဦးသန်းထွန်းက ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်ထံသို့ လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။**စစ်သွေး**

# စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ကောလင်း ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့မဈေးကြီးအတွင်း ဈေးဆိုင်များ၌ စားသုံးရန်မသင့်သော အစားအသောက်များရောင်းချမှုမရှိစေရေးကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ကသာခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်းရှိ ဆေးပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်အရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေးသည်။ သက်တမ်းလွန်စားသောက်ကုန်များနှင့် ဆိုးဆေးများပါရှိသည့် စားသောက်ကုန်များကိုသိမ်းဆည်းပြီး ရောင်းချနေသောဈေးသည်များအား ဆက်လက်ရောင်းချခြင်းမပြုရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။

**ကိုကိုမောင်**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ လှည်းဘီးကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာသနအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းဘီးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကန်သာကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလထံမှ တိုင်းမှူးနှင့် ဧည့်ပရိသတ်အပေါင်းတို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဆရာတော်ထံ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

# ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများပြုလုပ်

နေပြည်တော် ဇူလိုင် ၁၁

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးသည်။

ဦးစွာ ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်းအကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများကို ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ပြုလုပ်သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၁၀၆၉ ဦးအား အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျောင်းဝင်းအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်ထူထောင်ရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ထူထောင်ရေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကိုရီးယားနိုင်ငံ အစိုးရဥပဒေပြုဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် KOICA ဘက်မှ ပြည်ထောင်စုရှေ့နေချုပ်ရုံး မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်ကို ၂၀၁၇ ခုနှစ် ဒွန် ၁ ရက်မှစ၍ ဆောင်ရွက်မည့်ပုံစံအဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့သည်။

မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် ထူထောင်ရေးကို ၂၀၁၈ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစနစ်ကို လွှင့်တင်ပြီးသွားပါက အများပြည်သူများသည် မိမိတို့သိရှိလိုသော မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများကို ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ ဥပဒေဆိုင်ရာ အချက်အလက်အလိုက်သော်လည်းကောင်း အဆိုပါဝက်ဘ်ဆိုက်နှင့် မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် အလွယ်တကူ ရှာဖွေသိရှိနိုင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးလုပ်ငန်း ဦးဆောင်ကော်မတီဝင်များတက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ ယူ-၂၂၊ ယူ-၁၈ အသင်းနှင့် အင်တာမီလန်လူငယ်အသင်းတို့ ခြေစမ်းပွဲကစားမည့်ရက် ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၁

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာလူငယ်အသင်းများဖြစ်သည့် ယူ-၂၂၊ ယူ-၁၈ အသင်းတို့နှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်း၏ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည့်ရက်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် ဩဂုတ် ၁၁ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်း၊ ဩဂုတ် ၁၃ ရက်တွင် မြန်မာ ယူ-၁၈ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲစလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် အင်တာမီလန်လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အင်တာမီလန် ယူ-၁၈ အသင်းနှင့်ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ပြင်သစ်နိုင်ငံသား ဘန်လာဘီကကိုင်တွယ်လျက်ရှိပြီး ဗီးနစ်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ပထမတန်းအမှတ်ပေးပြိုင်ပွဲပြီးဆုံးပါက ပဏာမကစားသမား ၂၅ ဦးဖြင့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။

စီးရီးအေကလပ် အင်တာမီလန်အသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မိတ်ဖက်ဆောင်ရွက်ရန် ကမ်းလှမ်းမှုများပြုလုပ်ထားရာ ခြေစမ်းပွဲအတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်လူငယ်အသင်းများနှင့် ခြေစမ်းပွဲကစားခွင့်ရရှိသောကြောင့် မြန်မာလူငယ်အသင်းများအနေဖြင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။

(၂၂၀)

# ရန်ကုန်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုထပ်မံဖြစ်ပေါ်



ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့၌ ယနေ့မွန်းလွဲပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းနေရာအချို့၌ ရေကြီးရေလျှံမှုထပ်မံဖြစ်ပေါ်ခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

မိုးရွာသွန်းမှုကြောင့် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ အဝိုင်းလေးကားမှတ်တိုင်အနီး၌ ကားလမ်းရေကျော်ခြင်းများကြောင့် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ရာ ယင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက "ကျွန်တော်က မိုးကောင်းလမ်းမှာနေတာပါ။ အဓိကကတော့ အမှိုက်တွေကို စည်းကမ်းမဲ့ပစ်တာတွေကြောင့်လည်းပါတယ်။ ဒီနားမှာရှိတဲ့ ရေမြောင်းကလည်း အမြဲတမ်းရေရှိနေတော့ မိုးအရမ်းရွာတာနဲ့ ကားလမ်းရေကျော်တယ်။ အမှိုက်တွေနဲ့ပိတ်ဆို့နေလို့သာ ရေကြီးမှုကိုဖြစ်စေတာပါ"ဟုပြောသည်။

မိုးရွာသွန်းမှုများကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် စမ်းချောင်းမြို့နယ် ဗဟိုလမ်းတို့တွင်လည်း ရေကြီးရေလျှံမှုများနှင့် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ ယာဉ်ကြောပိတ်ဆို့ခဲ့ရာတွင် ရန်ကင်းမြို့နယ် အဝိုင်းလေးကားမှတ်တိုင်အနီး၌ မိုးစတင်ရွာသွန်းခဲ့သည့် မွန်းလွဲပိုင်းမှစ၍ ညနေပိုင်းအထိ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လင်းခန့်

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ကဒူးမမှ မော်ဖသို့

မောင်ဆွေသက်

## ဒုတိယပိုင်း

ဆင်ကြီးလှည့်အလာ ခေါင်းတည့်တည့်မရောက်ခင် တပ်သားကျော်ရွှေက စတင်းဂန်းသေနတ် ကျည်ကတ်တစ်ခုလုံး ကုန်အောင်ပစ်လိုက်သည်။

တပ်ကြပ်ရွှေမင်းက စိတ်အေးလက်အေးနှင့် ခေါင်းကိုချိန်ကာ မျက်စိအောက်ကိုပစ်လိုက်သည်။ မျက်စိအောက်လက်လေးလုံးလောက်မှ ရိုင်ဖယ်ကျည်ဆန် ဝင်သွားသည်။ ဆင်ကြီး ဖင်ထိုင်သွားသည်။

ချက်ချင်းကျည်ထပ်ထိုးပြီး ပါးစပ်ဟ၍အော်နေသော ဆင်ကြီးပါးစပ်ထဲ ပစ်လိုက်သည်။ ခြေလှမ်းငါးလှမ်းအကွာမှ စိတ်ငြိမ်လက်ငြိမ်ပစ်ခတ်မိ၍ ဆင်ကြီးလဲကျသေဆုံးတော့သည်။

သေသေချာချာကြည့်တော့မှ စတင်းဂန်းကျည်ဆန် ထိပ်ဖူးလေးများသည် ဆင်အရေခွံထဲသို့ တစ်ဝက်သာဝင်သည်။ ကျည်ဆန်ထိပ်ဖူးတစ်ခုလုံး မြုပ်နိုင်စွမ်းမရှိချေ။

ရွာနီးချုပ်စပ်မှရွာသားတွေ ဝိုင်းလာကြသည်။ ဆင်သားကိုဖျက်၍ ယူကြသည်။ အသားဟင်းမစားကြရသော ရွာသားတို့တစ်သက်မှာ အသားဟင်းအဝဆုံးစားခွင့်ရလိုက်ကြရပေတော့သည်။

အင်္ဂလိပ်ရက်ဖိုးထိုးသူတို့က သံသေပြည်ဝဟုဆိုကြသည်။ အညာဒေသ တောခေါင်ခေါင် မဲဇာအစပ်မှာတော့ ဆင်သေရွာဝဟု၍ ခေါ်ကြပေသည်။

**ဆင်ဆီအမိက**

ဆင်ကြီးတစ်ကောင်ရသည်ဟု သတင်းကြားသည်နှင့် စစ်ကြောင်း(၂)မှူး ဗိုလ်ကြီးဘသိန်း (ဂျပန်ခေတ် စစ်တက္ကသိုလ် ယောနင်းနည်းပြဆရာ)က ကျွန်တော့်ကို စက်ပေါ်တက်ရန်ခေါ်သည်။

ဒုတိယတပ်ရင်းမှူး ဗိုလ်ကြီးဘသိန်းသည် ဖိုထိုးဝါသနာကြီးသူဖြစ်ပေသည်။ အခွင့်အရေးရတဲ့နေရာမှာ ဖိုထိုးသူဖြစ်သည်။

- ဗိုလ်ညွှန့်ဆွေ ဆင်ရတယ်ဆိုတာဟုတ်သလား။
- ဟုတ်ပါတယ်။
- ဘာလုပ်ထားသလဲ။
- အသားတွေဖျက်ပြီး ရွာသားတွေပေးတယ်၊ ရဲဘော်တွေ စားတယ်၊ စစ်ကြောင်း(၂)ကိုလည်း ပို့ပါမယ်။
- ဆင်ဆီလိုချင်တယ်၊ ရသလောက်ဆင်ဆီထုတ်ပေးပါ။

ခပ်ညှဲ့ညှဲ့ကျွန်တော်က ပြန်မေးရသည်။

- ဆင်ဆီ ဘယ်လိုထုတ်ရမှာလဲ။
- ညံ့လှချည်လားကွ၊ ဆင်အသားတွေရိုက္ခာသံပုံးထဲထည့်၊ မီးနဲ့ကျိုရင် ဆီတွေရတာပေါ့။
- ကောင်းပါပြီ၊ ပို့ပေးပါမယ်၊ ဘာလုပ်ဖို့လဲ။
- ငါ့ဓာတ်လုံးမှာ ဆင်ဆီ၊ ကျားဆီတွေကျွေးဖို့လိုတယ်။ ဆင်ဆီရသမျှ သံပုံးတွေနဲ့ထည့်ထားပါ။
- ကောင်းပါပြီ၊ ဓာတ်လုံးပေါက်သွားပြီး ရွှေဖြစ်ရင် ကျွန်တော့်ကိုလည်းပေးပါ။
- ဟဲဟဲ ရွှေမဖြစ်ဘူးကွ၊ ငါ့ဓာတ်လုံးက ပီယစွမ်းမှာ။

ကျွန်တော်တို့ ဆရာတပည့်တွေ ထိုသို့ပြောကြ၊ ဆင်ဆီတွေထုတ်ကြ၊ ပို့ပေးကြပြီး လူချင်းကွဲသွားပါသည်။ ဓာတ်လုံးစွမ်းသလား၊ ဘာလားတော့မသိပါ။ နောက်နှစ်များစွာအကြာမှာ သမီးလောက်အရွယ် ငယ်ငယ်လေးတစ်ယောက်ကို တင့်တင့်တယ်တယ် ထပ်မံယူလိုက်ကြောင်း ကြားရပါတော့သည်။

**ဗကပ ဗဟို ရွှေပြီ**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရွှေဘိုခရိုင်ရော၊ မော်လိုက်၊ ဖောင်းပြင်ဒေသရော၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ပြေးလွှားပုန်းရှောင်သမျှ လိုက်နေကြသောတပ်များကြောင့် ဗကပဗဟိုက မြောက်ဘက်တက်လေ ခက်လေဖြစ်မည်ဟု တွေးမိဟန်တူသည်။ အတွင်းပိုင်းသို့ ဆင်းလာပြန်ပြီ။

မုံရွာခရိုင်တောင်ပိုင်းသို့ ဝင်လာသလို သတင်းအစအနရ၍ ကျွန်တော်တို့ ဆင်းရ ရှင်းရပြန်ပြီ။ မုံရွာ၊ မြင်းမူ၊ ချောင်းဦး၊ ရေဦး၊ ခင်ဦးခွင်အတွင်း သတင်းစရှာရင်း ဖော်ထုတ်ရှင်းလင်းရပြန်သည်။

ဒီဒေသရောက်ပြန်တော့လည်း ဒေသန္တရဗဟုသုတတိုးရပြန်သည်။ စစ်ကိုင်း၊ မြင်းမူ၊ မုံရွာရထားလမ်းအရှေ့ပိုင်းမှာ အတွင်းဝင်လေ ရွာကြီးတွေပေါလေဖြစ်ကြောင်း တွေ့ရသည်။

ပုဂံခေတ်က ကျန်စစ်သားမင်းထွက်ပြေးရင်း၊ ရှောင်တိမ်းရင်း သည်ဒေသသို့ရောက်ခဲ့သည်။

မင်းဖြစ်မင်းဒက်သင့်၍ ပြေးရလွှားရသောကျန်စစ်သား

> "ပြေးရင်းလွှားရင်း ရှောင်ရင်း ကျန်စစ်သားသည် ပဲ၊ ပြောင်း၊ ဝါ စည်ပင်ဖွံ့ဖြိုးသောရွာကြီးတစ်ရွာရောက်သောအခါ ဆာလောင်မွတ်သိပ်လွန်း၍ ပဲခင်းအနားကပ်သွားရင်း အရိပ်အခြည်စောင့်ကြည့်ရသည်။ နေပြည်တော်မှစစ်သည်များ အရိပ်အယောင်မတွေ့ရသောအခါမှ ပဲသီးဆွတ်နေကြသော တောင်သူများအနားချဉ်းကပ်ကာ ပဲနည်းနည်းလောက်ပေးစားပါဟူ၍ တောင်းရသည်။"

သည် အစာရေစာကိုမမှု၊ အသက်ကိုလု၍ ပြေးရဟန်တူသည်။

**ပဲတောင်းရွာ**

ပြေးရင်းလွှားရင်း ရှောင်ရင်း ကျန်စစ်သားသည် ပဲ၊ ပြောင်း၊ ဝါ စည်ပင်ဖွံ့ဖြိုးသောရွာကြီးတစ်ရွာရောက်သောအခါ ဆာလောင်မွတ်သိပ်လွန်း၍ ပဲခင်းအနားကပ်သွားရင်း အရိပ်အခြည်စောင့်ကြည့်ရသည်။ နေပြည်တော်မှစစ်သည်များ အရိပ်အယောင်မတွေ့ရသောအခါမှ ပဲသီးဆွတ်နေကြသော တောင်သူများအနားချဉ်းကပ်ကာ ပဲနည်းနည်းလောက်ပေးစားပါဟူ၍ တောင်းရသည်။

ထိုရွာကို နောင်သောအခါ "ပဲတောင်းရွာ" ဟုတွင်သည်။

**ပဲကူရွာ**

ထိုမှတစ်ဖန် ဆက်ပြေးရပြန်သည်။

နံနက် ဝေလီဝေလင်း ပဲခင်းကြီးအနီး ရွာကြီးတစ်ရွာသို့ ရောက်ပြန်သော် လူအလစ်မှာယူမစားဘဲ ယာခင်းရှင်လာမှ ပဲသီးကိုတောင်းစားရပြန်သည်။ ကျန်စစ်သားကို မည်သူမည်ဝါမှန်းမသိကြသော ပဲခင်းတောင်သူများက နှမြောတွန့်တိုသည်လား၊ စီးပွားရေးဆန်ဆန် ဆက်ဆံသည်လား၊ လုပ်အားတန်ဖိုးချစ်မြတ်နိုးသူတွေလား မသိ။

"အသင် ပဲသီးဆွတ်၍စားလိုက ပဲသီးကူ၍ခူးပေးရမည်"ဟူ၍ ပြောလေသောအခါ ကျန်စစ်မင်းသည် ကာလဒေသံအလျောက် ပဲသီးများကူညီဆွတ်ခူးပေးရပြန်သည်။ ကျေနပ်အောင်ခူးပေးပြီးမှ ပဲလက်တစ်ဆုပ်စာရသောကြောင့် ထိုရွာကို "ပဲကူရွာ"ဟုတွင်ပြန်သည်။

**ရွှေလင်းမာဘုရား**

ကျန်စစ်မင်းသည် ရွာကိုကွင်း၍လည်း ရှောင်ရသည်။ သတင်းလုံခြုံမှုအရေးကြီးသည်ကို ပဲတစ်ဆုပ်၊ လက်တစ်ခုပ်စာရဖို့နှင့် ရေကြည်ကြည်၊ ရေနောက်နောက် ရေတစ်ပေါက်သောက်ရဖို့ကလည်း အရေးကြီးသည်။

ပြေးရင်းလွှားရင်း ပူပြင်းသောရာသီဒဏ်ကို ခံစားရင်း ရေလည်းငတ်လှပြီ။ ရေငတ်၍ အားပြတ်လုပြီမို့ တွေ့ရသောရွာကြီးကိုမရှောင်နိုင်၊ မကွင်းနိုင်။ အရိပ်အခြည်ကြည့်ကာ ချဉ်းကပ်၍ ရေငတ်ပြေရာပြေကြောင်း တစ်မှုတ်သောရေ တောင်းသောက်ရတော့သည်။

ဖန်ထနေပူသဲဆူသောအချိန်မှာ ရွာဦးထိပ်ဝယ် ရေကန်ကျယ်ကြီးလည်းတွေ့ရ၍ ရေခပ်ရေငင်နေသူတွေနားချဉ်းကပ်ကာ ရေတစ်မှုတ်မျှပေးသောက်ပါရန် တောင်းပန်ရလေသောအခါ-

ဤရေကန်သည် ရွာသားများအတွက်သာဖြစ်၍ ခရီးသွားဖြစ်စေ၊ ပြေးလွှားပုန်းရှောင်နေသူဖြစ်စေ ရေသောက်ခွင့်မပြုနိုင်ဟူသော ရင့်သီးသည့်စကားနှင့်တုံ့ပြန်ကြလေသောအခါ ပြင်းစွာသောနာကြည်းမှုဖြစ်ခဲ့ရပါသည်ဟု အဆိုရှိသည်။

ဆက်လက်ဖော်ပြပါမည်။

## နတ်မောက်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

နတ်မောက် ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ ယမန်နေ့ညနေ ၃ နာရီက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်စိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုရမည့်အချက်များနှင့် လျှပ်စစ်အန္တရာယ်ဖြစ်နိုင်သောအချက်များ တွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ရုံးများသို့ အမြန်ဆက်သွယ်အကြောင်းကြားရန် အစရှိသည့် သတိပေးအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

## အငှမအကြိမ် မျက်စိဆရာဝန်များညီလာခံကျင်းပ



မန္တလေး ဇူလိုင် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)နှင့် မျက်စိကုဆရာဝန်များပူးပေါင်း၍ အငှမအကြိမ် မျက်စိဆရာဝန်များညီလာခံကို ယမန်နေ့ နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရတနာပုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မျက်စိကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အငှမအကြိမ် မျက်စိကုဆရာဝန်များညီလာခံနှင့် ဆေးပစ္စည်းများပြပွဲ ဖွင့်ပွဲကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းအောင်၊ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်တွင်းပြည်ပဆေးကုမ္ပဏီများမှ ခင်းကျင်းပြသထားသော ခေတ်မီမျက်စိစမ်းသပ်ကိရိယာများ၊ မျက်စိခွဲစိတ်ကိရိယာများ၊ မျက်စိကုဆေးဝါးများ၊ မျက်စဉ်းများ၊ ဆေးဝါးပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမတွင် ရန်ကုန်နှင့် မန္တလေးမျက်စိအထူးကုဆေးရုံကြီးများမှ ပါမောက္ခများ၊ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိအတွင်းတိမ်ရောဂါခွဲစိတ်ကုသခြင်းအပါအဝင် သုတေသနစာတမ်းများ၊ ခေတ်မီမျက်စိရောဂါကုထုံးများကို ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

မောင်ပြည်သူ

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးဧက ၇၅၀၀၀ ခန့်စိုက်ပျိုးပြီးစီး

မော်လမြိုင်ကျွန်း ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများသည် ဒေသမျိုးများဖြစ်သော ဆင်းသွယ်လတ်၊ မနောသုခ၊ သီးထပ်ရင်၊ ပေါ်ဆန်းရင်နှင့် နံ့ကားစပါးမျိုးတို့ကို လယ်ယာစိုက်ကွင်းများအတွင်း သတ်မှတ်ဧကများအတိုင်း အပြည့်အဝစိုက်ပျိုးလျက်ရှိရာ ယမန်နေ့အထိ တစ်မြို့နယ်လုံးတွင် စပါးမျိုးစုံ ၇၄၈၂၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး စပါးမျိုးစုံဧကပေါင်း ၂၅၁၇၃၂ ဧက အပြည့်အဝစိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် ဒေသခံတောင်သူများက စိုက်ပျိုးလျက်ရှိရာ မိုးစပါးစိုက်ပျိုးရာသီကာလအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေနှင့်ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာအခြေစိုက် အထူးအထွက်တိုးစခန်းနယ်မြေခြောက်ခုသို့ အဖွဲ့များခွဲ၍ ကွင်းဆင်းသွားရောက်ကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာများကို ကျေးရွာအရောက် နည်းပညာပေးဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံးတွင် စိုက်ပျိုးရန်ကျန်ရှိနေသော စပါးမျိုးစုံဧကများကို ဩဂုတ် ၁၅ ရက်နောက်ဆုံးထား စိုက်ပျိုးပြီးစီးရေး ဒေသခံတောင်သူများ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ၁၀ ဒသမ ၃၅၆၃ ဘီလီယံထုတ်ချေးရန်လျာထား

မြောက်ဦး ဇူလိုင် ၁၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀ ဒသမ ၃၅၆၃ ဘီလီယံအထိ ထုတ်ချေးရန်လျာထားကြောင်း မြောက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးမိုးဇော်ရွှေက ပြောသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ချေးရန်ကျန်ရှိနေသောတောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

လက်ရှိတွင် ယမန်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်သည့် တောင်သူလယ်သမားများအား ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်းနှင့် မြောက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများက မိုးစပါးများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ယနေ့ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၅ ဘီလီယံခန့်ရှိ၊ ခရစ်နှစ် ၂၁၀၀ တွင် ၄ ဘီလီယံ ထပ်မံတိုးလာမည်ဟုခန့်မှန်း

## လူဦးရေတိုးနှုန်းကိုလျှော့ချရန် နည်းလမ်းများစွာရှိသည့်အနက် မိသားစုစီမံကိန်းနည်းလမ်းသည် အထိရောက်ဆုံးဖြစ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ ဓာတ်ပုံ-လင်းကြည်လင်း

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ INGOs, NGOs များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများကို အာရုံစိုက်မိလာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်မှစပြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်မှာ “တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့” "Family Planning: Empowering People, Developing Nations" ဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ အဓိကဦးတည်ချက်သည် လုံခြုံစိတ်ချရသည့် မိသားစုစီမံကိန်းများကို အမျိုးသမီးများကိုယ်တိုင် လိုလိုလားလား ချမှတ်ဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ယနေ့ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၅ ဘီလီယံခန့်ရှိနေပြီဖြစ်ကြောင်း၊ ခရစ်နှစ် ၂၀၃၀ တွင် နောက်ထပ် ၁ ဘီလီယံတိုးလာပြီး ခရစ်နှစ် ၂၁၀၀ တွင် ၄ ဘီလီယံ ထပ်မံတိုးလာလိမ့်မည်ဟုခန့်မှန်းထားကြောင်း၊ ထိုသို့တိုးလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာများ၊ ရေနှင့် အခြားအသုံးဝင်သယံဇာတများ ထပ်မံတိုးမြှင့်လိုအပ်လာမည်ဖြစ်ကြောင်း။

မွေးဖွားနှုန်းကိုကြည့်လျှင် ၁၉၅၀-၁၉၅၅ ခုနှစ်ဝန်းကျင်က မိခင်တစ်ဦး၏ မွေးဖွားနှုန်းသည် ကလေးငါးဦးနှုန်းရှိခဲ့ပြီး ၂၀၁၀-၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၅၁ ဦးနှုန်း ကျဆင်းလာသည်ကိုတွေ့ကြောင်း၊ ၂၀၅၀ ဝန်းကျင်တွင် ၂ ဒသမ ၂၅ ဦးနှုန်း ကျဆင်းလာမည်ဟု ခန့်မှန်းထားကြကြောင်း၊ မွေးဖွားနှုန်းကျဆင်းလာသော်လည်း ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဒသမ ၇ ဘီလီယံထိ ရောက်ရှိလာနိုင်ကြောင်းလည်း မျှော်မှန်းထားကြကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင်ရှိလာမည့် လူဦးရေ ၉ ဒသမ ၇ ဘီလီယံကိုကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၈ ဒသမ ၄ ဘီလီယံနှင့် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် ၁ ဒသမ ၃ ဘီလီယံရှိမည်ဟုလည်း ကြိုတင်ခန့်မှန်းထားကြကြောင်း။

ကလေးမွေးဖွားနှုန်း မြင့်မားလာခြင်းသည် ဆင်းရဲမှုနှင့် ဆက်စပ်နေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှ ပြည်သူများသည် အလွန်အမင်းဆင်းရဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် လူဦးရေတိုးနှုန်းကို လျှော့ချရန် နည်းလမ်းများစွာရှိနေသည့်အထဲမှ အထိရောက်ဆုံးနည်းလမ်းတစ်ခုသည် မိသားစုစီမံကိန်းနည်းလမ်းများကို ထိထိရောက်ရောက်အသုံးချနိုင်စေရန် ပံ့ပိုးပေးခြင်းပင်ဖြစ်ကြောင်း၊ မိသားစုစီမံကိန်းများရှိခြင်းအားဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲမှုကိုလျှော့ချနိုင်သည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် ကျား၊ မ သာတူညီမျှရှိရေးအပါအဝင် လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မိသားစုစီမံကိန်းနည်းလမ်းများ ချမှတ်ပေးခြင်းနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းသည်လည်း ကျန်းမာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၏ အဓိကရည်မှန်းချက်ပန်းတိုင်များပင်ဖြစ်ကြောင်း၊ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များတွင် မိသားစုစီမံကိန်းလည်း ပါဝင်ကြောင်း၊ အဆိုပါပန်းတိုင်များကိုရောက်ရှိရန်အတွက် အမျိုးသမီးများ၏ မျိုးဆက်ပွားအခွင့်အရေးများကို နားလည်အသုံးချနိုင်စွမ်းအပေါ်တွင်လည်း မူတည်နေကြောင်း။

ခေတ်မီသားဆက်ခြားနည်းလမ်းများကို ရရှိအသုံးပြုနိုင်ခဲ့မည်ဆိုပါက ကမ္ဘာတစ်ဝန်းမှ သန်း ၆၀ သော အမျိုးသမီးများအနေဖြင့် မလိုချင်ဘဲကိုယ်ဝန်ဆောင်ရခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် သေဆုံးခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း သုံးသိန်း၏ သုံးပုံတစ်ပုံခန့်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိသားစုစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် အမျိုးသမီးများနှင့် ဇနီးမောင်နှံများ၏ ကျန်းမာရေးနှင့် အခွင့်အရေးများရရှိစေရန် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း။

သန်းပေါင်းများစွာသော အမျိုးသမီးများကို ကလေးအနည်းငယ်သာမွေးရန်၊ သင့်တင့်သည့် အသက်အရွယ်မှသာ မိသားစုဘဝကို စတင်ရန်၊ ပညာရေးဆုံးခန်းတိုင်စေရန်၊ ပိုမိုကောင်းမွန်သည့်ဘဝများကို တည်ဆောက်နိုင်စေရန်နှင့် ဆင်းရဲမှုမှလွတ်မြောက်ရန် စသည့်အနာဂတ်မိသားစုစီမံကိန်းများကို ၎င်းတို့ကိုယ်တိုင် လိုလိုလားလားပါဝင်ဆောင်ရွက်လာစေရန် မိမိတို့ကူညီပေးကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် မိသားစုအရွယ်အစားဘယ်လောက်ရှိရမည်ဟု သတ်မှတ်ထားခြင်းမရှိကြောင်း၊ တစ်ဦးချင်းစီ၏ရွေးချယ်မှုပင်ဖြစ်ကြောင်း၊ ဇနီးမောင်နှံများအနေဖြင့် ၎င်းတို့၏ ရင်သွေးဦးရေကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်နိုင်ကြကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၁၇ ခုနှစ်တွင် ၅၃ ဒသမ ၄ သန်းခန့်ရှိလာနိုင်ကြောင်း၊ ထိုအထဲတွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား ကလေးမွေးနိုင်သည့်အရွယ် အမျိုးသမီး ၁၅ သန်းခန့်ရှိနိုင်ကြောင်း၊ မွေးဖွားနှုန်းနိမ့်သည့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် အတန်အသင့်မြင့်မားနေဆဲဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးသည် ကလေး ၂ ဒသမ ၅ ယောက်နှုန်းမွေးဖွားသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကြားတွင် မွေးဖွားမှုနှုန်းသည် ကွာဟမှုမြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် ငါးယောက်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ယောက်နှုန်းထက် လျော့နည်းသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယေဘုယျအားဖြင့် ကလေးမွေးဖွားနှုန်းသည် သန္ဓေတားနည်းအသုံးပြုမှုနှင့် ပြောင်းပြန်အချိုးကျနေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် အိမ်ထောင်သည်အမျိုးသမီးအားလုံးနီးပါးသည် သန္ဓေတားနည်းများနှင့် ပတ်သက်သည့်ဗဟုသုတရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ခေတ်မီသန္ဓေတားနည်းသုံးစွဲမှု ၅၀ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်း ရောက်ရှိစေရမည်ဟု ၂၀၁၃ ခုနှစ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ စစ်တမ်းများအရ ၂၀၀၇ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အိမ်ထောင်သည်အမျိုးသမီးများ၏ ခေတ်မီသားဆက်ခြားဆေးဝါးသုံးစွဲမှုနှုန်းသည် ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် မိသားစုကျန်းမာရေးစီမံကိန်း ၂၀၂၀ တွင် ပါဝင်ကတိပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ကြောင်းကို ပြသခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးခြောက်ဦး၌ တစ်ဦးသည် သားဆက်ခြားဆေးဝါးများ သုံးချင်သော်လည်း အသုံးပြုနိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် “မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)”ကိုရေးဆွဲပြီး မြန်မာနိုင်ငံ၏မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို ဟန်ချက်ညီညီဖြင့် ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤစီမံကိန်း၏ရည်ရွယ်ချက်သည် သန္ဓေတားဆေးအသုံးပြုလိုသော်လည်း အသုံးမပြုနိုင်သည့်ရာခိုင်နှုန်းကို လျှော့ချရန်၊ မလိုချင်ဘဲကိုယ်ဝန်ဆောင်ရခြင်းကို လျှော့ချနိုင်ရန်နှင့် သန္ဓေတားနည်းများကို လက်လှမ်းမမီဖြစ်နေသည့် လူမှုစီးပွားအခြေအနေကွာဟမှုများကို လျှော့ချနိုင်ရန်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းသုံးစွဲပြီး ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများနှင့် ဆင်းရဲသူများကို မိသားစုစီမံကိန်းဆိုင်ရာပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်းအရ ကလေးအရှင် တစ်သိန်းမွေးဖွားတိုင်း မိခင် ၂၈၂ ဦး သေဆုံးနေဆဲဖြစ်သည်ဟုသိရကြောင်း၊ ၁၉၉၀ ပြည့်နှစ်က သားဖွားမိခင်သေနှုန်းသည် ၅၂၀ ရှိခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် တစ်ဝက်လောက်လျော့ကျခဲ့သည်ဟုဆိုနိုင်ကြောင်း၊ မိခင်နှင့် မွေးကင်းစကလေးသေဆုံးမှုများ၊ နာမကျန်းဖြစ်မှုများကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့် ကလေးစောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ တိုက်ရိုက်ဆက်စပ်နေသည့် မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း၊ အလားတူ ပညာရေးဝန်းကျင်များတွင်လည်း သင့်လျော်သည့် မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေများပြားနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဤအခြေအနေကို “ လူဦးရေဆုလာဘ်” ရရှိနေခြင်းဖြစ်သည်ဟု တင်စား၍ရကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် မှီခိုသည့်လူဦးရေထက် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစားများနေပြီဆိုပါက တစ်ဦးချင်းဝင်ငွေမြင့်မားလာမည်ဖြစ်ကြောင်း။

လူဦးရေဆုလာဘ်သည် Asian tigers ဟုခေါ်သည့် နိုင်ငံများတွင် စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကမောင်းနှင်အားတစ်ခုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် အာရှနိုင်ငံအများစုသည် ယင်းဆုလာဘ်ကို အမိအရဆုပ်ကိုင်နိုင်ရန် ဆောင်ရွက်နေသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ Asian tigers များကဲ့သို့ ဖြစ်လာစေရန် မွေးနှုန်းနှင့်သေနှုန်းများ မြန်မြန်ဆန်ဆန်လျော့ကျရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် “တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့”နှင့်ပတ်သက်သည့် Animation Video Clip ပြသခြင်းနှင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ခြင်းတို့ကိုဆောင်ရွက်ကြပြီး တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်သောလူငယ်အဖွဲ့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က အမှတ်တရလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် အဆိုပါခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

www.facebook.com/themyawadydaily

# ဟပွန်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းတို့က ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် ဇူလိုင် ၁၁**

ကရင်ပြည်နယ်၊ ဟပွန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများအား ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားမှာကြားပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူ ၉၁၃ ဦးတို့ကို အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

# အင်တောမြို့နယ်နှင့်ကျောက်ဂူကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအားတွေ့ဆုံ



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း အင်တောမြို့နယ်နှင့်ကျောက်ဂူကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**နေပြည်တော် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့နယ်နှင့်ကျောက်ဂူကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၁**

မနက်ဖြန်နံနက်ထိခန့်မှန်းချက်မှာ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# နမ့်ခမ်းမြို့အတွင်းရှိဈေးဆိုင်များအား ဆက်ကြေးကောက်ခံနေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူနှစ်ဦး ဖမ်းဆီးရမိ



**သိမ်းဆည်းရမိ ဓားမြှောင်၊ ဆက်ကြေးကောက်ခံရရှိသည့်ငွေနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။**



**သိမ်းဆည်းရမိလိုင်စင်မဲ့ဆိုင်ကယ်ကို တွေ့ရစဉ်။**

**နေပြည်တော် ဇူလိုင် ၁၁**

ဒီမိုကရေစီအစိုးရ စတင်ပေါ်ပေါက်လာသည့် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် နောက်ပိုင်း နိုင်ငံတော်နှင့် ပလောင်ဒေသပြည်သူများအပေါ် လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲခြင်းနှင့် ဆက်ကြေးကောက်ခံခြင်း စသည့် ဥပဒေမဲ့လုပ်ရပ်များ ဖောက်ဖျက်ကျူးလွန်နေသည့် TNLA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းသည် တည်ဆဲဥပဒေများ၊ ပြစ်မှုများ ဆက်တိုက်ဖောက်ဖျက်ကျူးလွန်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့နေ ပြည်သူလူထုနှင့် သမ္မာအာဇီဝလုပ်ကိုင်ရှာဖွေစားသောက်နေကြသည့် ပြည်သူများထံမှ မတရားဆက်ကြေးကောက်ခံမှုများ ပြုလုပ်နေကြောင်း အဓမ္မ မတရားမှုကျူးလွန်နေသူများကိုလက်မခံသည့် တာဝန်သိပြည်သူတို့၏ သတင်းပေးပို့ချက်အရ တပ်မတော်စစ်ကြောင်းက နမ့်ခမ်းမြို့အတွင်း ကင်းပုန်းဝပ်လုံခြုံရေးဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဈေးဆိုင်များအား ဆက်ကြေးလိုက်လံကောက်ခံနေသည့် အရပ်ဝတ်ဖြင့် အကြမ်းဖက်သောင်းကျန်းသူနှစ်ဦးအားတွေ့ရှိ၍ စစ်ဆေးရာ ဓားဖြင့်တိုက်ခိုက်ပြီး ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက လက်နက်ငယ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။



**ဖမ်းဆီးရမိသူကို တွေ့ရစဉ်။**

ဖမ်းဆီးရမိသူများမှာ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဒိုက်စံအောင်(ဘ) ဦးမောင်ဆန်းနှင့် မိုင်းအိုက်ဦး(ဘ)ဦးသားအိုက်ကောင်းတို့ဖြစ်ပြီး ပစ်ခတ်ဖမ်းဆီးစဉ် ဒိုက်စံအောင်မှာ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့အား ရှာဖွေစစ်ဆေးစဉ် ဆက်ကြေးကောက်ခံရရှိသည့်ငွေ ၁၀၂၂၀၀၀ ကျပ်၊ ဆက်ကြေးကောက်ခံရမည့်ဆိုင်အမည်နှင့် ငွေပမာဏပါ စာရွက်တစ်ရွက်၊ ဆိုင်အမည်နှင့် ဖုန်းနံပါတ်ပါ စာရွက်တစ်ရွက်၊ ဖုန်းနှစ်လုံး၊ ဓားမြှောင်တစ်ချောင်းနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဒိုက်စံအောင်ကို နမ့်ခမ်းမြို့ရှိ နယ်မြေခံတပ်ဆေးခန်း၌ ဆေးကုသမှုဆောင်ရွက်ပေးနေစဉ် ၎င်းမှာရရှိဒဏ်ရာဖြင့် ည ၆ နာရီ ၅ မိနစ်တွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Senior General Min Aung Hlaing visits Armoured Corps Centre & School in Ahmednagar

**Nay Pyi Taw July 11**

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing, who are on a goodwill visit in India at the invitation of Chairman of the Chiefs of Staff Committee Admiral Sunil Lanba, left from the military airport in Ahmedabad at 9 am local standard time by military flight, seen off by commander Maj.Gen. ANIL PURI of No. 11 Brigade and wife and officials.



The commandant gives a commemorative gift to the Senior General.

The Myanmar Tatmadaw delegation arrived at Purnea Airport at 10.30 am local standard time, welcomed by Air Commodore Surendran Singh, commander of Purnea Airbase, and his wife and officials. There he met, spoke words of encouragement, and presented foodstuffs to Myanmar postgraduate students and military trainees. Then, the delegation proceeded by helicopter of Indian armed forces to Ahmednagar where they arrived at 11.30 am local standard time and welcomed by Commandant of Armoured Corps Centre & School Maj.Gen. Neeraj Kapur, and officials. The commandant explained the background, structure and training of the school at the school meeting hall. The Senior General praised the school as a valuable training center for the Indian Armed Forces to enhance its combat capability, saying that armoured troops play the same important role in ground strikes for victory as the role electronic and air capability plays in modern warfare. Then, he inquired more about the school for his knowledge.

Next, the Senior General and party viewed Armament Wing, Automotive Wing and School of Armoured Warfare and were conducted round there by officials. Next, the commandant of the school hosted a luncheon to the Myanmar Tatmadaw goodwill delegation. The Senior General and delegation members had the lunch together with officers of the school. Senior General Min Aung Hlaing signed the visitors' book and presented gifts and cash awards to the School Military Band.



The Senior General and party look round in the Armoured Corps Centre & School.

The Senior General and delegation members left by Indian military aircraft at 4 pm local standard time and arrived at Purnea Airport at 5 pm local standard time. They then proceeded by Indian military special aircraft and arrived at INS Dega naval air station in Visakhapatnam at 7.15 pm local standard time. **100**



The Senior General and party view Tank Training Facilities.

# No. 11 Division Commander of Indian Armed Forces hosts dinner to Myanmar Tatmadaw delegation



The Senior General poses for a documentary photo together with those present in front of the guest house.

**Nay Pyi Taw July 11**

No. 11 Division Commander Maj. Gen. ANIL PURI hosted a dinner to the Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing, who is on a goodwill visit to Ahmedabad, the Republic of the India, on 10 July. First, Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and delegation members arrived at the Golden Kater guest house of No. 11 Division headquarters where they were welcomed by the Military Band playing music.

Next, the Senior General and part enjoyed traditional dances by entertainment troupes. After the entertainment, the Senior General presented gifts and cash awards to the Military Band and wife Daw Kyu Kyu Hla to the entertainment troupes.

Then, the Division Commander and wife presented gifts to the Myanmar Tatmadaw goodwill delegation. The Senior General and wife then presented gifts to the Division Commander and wife. They then sat down to dinner. After the dinner, the Senior General and wife signed the visitors' book and posed for a documentary photo together with those present in front of the guest house.

**100**

www.facebook.com/themyawadydaily



# YRTA requires YBS buses to install cash boxes

**Yangon July 11**

Yangon Region Transport Authority (YRTA) has required all bus operating in Yangon Bus Service (YBS) to install cash boxes soon.

Bus line operators submitted their plans for installation of cash boxes to YRTA on July 10. And the Region Minister for Electricity, Industry and Transportation Daw Nilar Kyaw said that the government would introduce a system of sharing profits among bus line operators instead of individual bus line operators getting all profits from his bus lines.

"She has instructed that all bus lines have to share the profits in the new system, and she would officially introduce the system soon," said Ko Tayoke Lay owner of YBS Bus Line No. 21.

The Region Government will blacklist the bus owners and operators who fail to follow the instruction. **447**

# YCDC imposes heavy fines for irresponsible dumping in industrial zones

**Yangon July 11**

Yangon City Development Committee (YCDC) will impose heavy fines for irresponsible dumping of waste and wastewater in Yangon's industrial zones, according to Sanitation Division of YCDC.

Beginning this month, YCDC will impose a fine of minimum Ks-50,000 to Ks-300,000 for irresponsible dumping in industrial zones.

"We've sent notifications to industries about the fines last month. We will give notifications for three times to pay fine if a factory violates our instruction," said an official of YCDC.

This is the first time YCDC will impose fines on irresponsible dumping of waste and wastewater in industrial zones, in an effort to curb air and environmental pollution which is common in and around industrial zones.

**Myat Lay Ngone**

# Retail banking to be allowed to foreign banks in the future

**Yangon July 11**

Retail banking will be allowed to foreign banks based on the stability of the banking sector, according to vice-governor U Set Aung of the Central Bank of Myanmar (CBM).

"The foreign banks have no plan to open their branches across the country yet. Whether they open new branches or not, the CBM will ease the regulations and give the go-ahead to operate retail banking to the foreign banks in the future," said U Set Aung at the Pyithu Hluttaw session on July 10.

"Based on the stability of the banking sector and the capability to supervise the banks by the CBM, the time to ease its regulations will be defined," said U Set Aung.



Thailand's Siam Commercial Bank's representative branch is seen on Kabaraye Pagoda road in Yangon.

Representative U Myint Lwin of Pazundaung Township Constituency asked the question whether the government has a plan to announce when the retail banking service will be allowed to13 foreign banks for Myanmar citizens or not.

"For the success of the retail banking industry, there are two requirements such as the number of branches nationwide and the capability of E-banking," he said.

"Moreover, retail banking can be effectively carried out by the domestic banks in neighbouring countries. At this time, local banks of Myanmar have started conducting the E-banking system and have opened their branches across the country. There are prospects that local banks can only meet the success in retail banking systems of the country," said U Set Aung.

"The branches of foreign banks have started their operations in the country for only two years. They are only allowed to operate wholesale banking and retail banking is still restricted to them," he said.

Retail banking is the provision of services by a bank to individual consumers, rather than to companies, corporations or other banks. Services offered include savings and transactional accounts, mortgages, personal loans, debit cards and credit cards. **Aung**

# Six new locomotives arrive from India

**Yangon July 11**

Six new locomotives that arrived from India will be used in railroad sections in the upper part of Myanmar including Mandalay-Myitkyina section, according to Division-7 (Engineering Division) of Myanma Railways (MR).

U Zaw Moe Aye, Chief Engineer of the MR said: "As a first batch, six locomotives arrived here. They will be reassembled by Indian experts as wheels and bodies of locomotives are carried separately. We will carry out a test-run of locomotives after the installation and then transport them to Mandalay."

Six locomotives arrived from India on July 6. In March, 2016, Myanmar signed a deal with India to buy 18 locomotives.

An official of Insein Locomotive Shed said: "Locomotives are unloaded from the ship at Thilawa. They will be kept at Mahlwagone Locomotive Shed temporarily until Indian experts arrive here."

The MR plans to replace the old locomotives with the new ones as the efficiency of old locomotives is decilining. The new locomotives are expected to run in late July.

**Htet Khaing (Sanchaung)**

# Region Government explains Yangon urban development plan

**Yangon July 11**

Yangon Region Government explained the processes of urban development plan of Yangon City to the representatives at the emergency meeting of Yangon Region Parliament on July 10.

Daw Nilar Kyaw, Region Minister for Electricity, Industry and Transportation, explained the needs to expand the city, the previous government's action plan to extend the city, current plan and changes to build the city, causes of changing operation strategy, probable financial investment and management of infrastructures at the region parliament.

"The new Yangon City project can solve the problems of squatting, unemployment, water distribution, electricity, traffic congestion and increased land prices," said Daw Nilar Kyaw.

"The new city will be built with the new design instead of using the plan of the previous government. The population of the commercial city may increase up to 10 million in the next ten years. However, the city can only accommodate additional one or two million in the current area," she explained.

"In implementing new Yangon City Project, financial investments will be made under three ways: taking loans from the financial institutions such as the World Bank, International Monetary Fund and International Financial Corporation, borrowing money from foreign countries and undertaking the projects such as the production of electric power and the distribution of water under the Public-private Partnerships," said Daw Nilar Kyaw.

U Myint Thaung, Region Minister for Planning and Finance, said: "The new city project will be implemented by the Region Government and Public-owned Company of Myanmar Construction Entrepreneurs Association, and the Region Government will invest Ks-46 billion in the project."

The new city project will be implemented on over 30,000 acres of land in Seikkyi Khanaungto and Twantay townships on the other side of Kyimyindine Township and will be connected with five river-crossing bridges. **Aung**

www.facebook.com/themyawadydaily



# US soldier charged with trying to provide support to IS

**Washington July 11**

A US soldier based in Hawaii has been arrested on charges he swore allegiance to the Islamic State and tried to provide jihadists with documents and training, the FBI said Monday.

Ikaika Kang, 34, was detained on Saturday after he swore allegiance to IS leader Abu Bakr al-Baghdadi in the presence of a undercover agent, according to an FBI affidavit filed in the case.

"Currently, the FBI believes that Kang was a lone actor and that he has not associated with others who present a threat to Hawaii," the agency said.

Kang's behavior had been suspect for years, it said.

"He was reprimanded on several occasions for threatening to hurt or kill other service members, and for arguing pro-ISIS views while at work and on-post," the affidavit said.

"Due to these remarks and threats, Kang's security clearance was revoked in 2012, but reinstated the following year after Kang complied with military requirements stemming from the investigation."

Kang was most recently working as an air traffic control operator. He had served about a year in Iraq in 2010-2011 and nine months in Afghanistan in 2013-2014, according to the Pentagon.

The soldier told a confidential informant that the gunman who killed 49 people at Orlando's Pulse nightclub last year "did what he had to do and later said that America is the only terrorist organization in the world," the affidavit stated.

Kang also told the informant that "Hitler was right saying he believed in the mass killing of Jews."

After taking the IS pledge, Kang told a confidential source that he wanted kill "a bunch of people."

Kang had given military documents to individuals who told him they would be passed along to the Islamic State group.

He also made combat training videos for IS and helped purchase a drone that he said jihadist fighters could use to survey US tank positions.

**AFP**

# *16 dead in US military plane crash in Mississippi: reports*

**Washington July 11**

A US military aircraft crashed Monday in the southern state of Mississippi, killing 16 people, US media reported.

The US Marine Corps confirmed that a "mishap" involving a KC-130 occurred in the evening, without providing additional details.

The Clarion-Ledger newspaper and CNN cited Leflore County emergency management director Fred Randle as confirming the death toll of 16.

All the victims were on the Marine Corps aircraft and there were no survivors, Randle told CNN.

KC-130s are tanker planes designed to provide aerial refueling. It was not immediately known where the aircraft had taken off from or where it was going.

The incident took place around 4 pm (2100 GMT), the Clarion-Ledger said. The plane crashed in a soybean field on the Sunflower-Leflore county line.

It cut a large gash into the green field when it crashed, according to helicopter footage captured by local news station Fox 40. Fires burned fiercely along the torn-up earth, sending off plumes of thick black smoke.

Firefighters sprayed the aircraft with huge layers of foam to quell the fire.

Randle told NBC News that the scene was unsafe due to the presence of fuel.

The FBI was on hand, along with local and state emergency responders and investigators, he said.

Mississippi Governor Phil Bryant called for prayers for "those hurting after this tragedy."

"Our men and women in uniform risk themselves every day to secure our freedom," he said in a brief statement on Facebook.

**AFP**



**The incident took place around 1:30 am IST (2100 GMT), the Clarion-Ledger said, noting that firefighters sprayed the aircraft with huge layers of foam to quell the fire.**

# San Diego 'likely' in range of N.Korea ICBM in 2 years: US monitor

**Seoul July 11**

North Korea's intercontinental ballistic missile is "likely" to be able to deliver a 500 kilogram warhead to San Diego within two years, a US monitoring group said Tuesday, after its launch sparked global alarm last week.

The isolated, nuclear-armed state's first successful ICBM test was described by leader Kim Jong-Un as a gift to "American bastards".

The Hwasong-14 missile is currently estimated to have a range of 7,000-8,000 kilometres -- enough to reach Alaska or Hawaii -- aerospace engineer John Schilling wrote on the respected 38 North website, a monitoring project linked to Johns Hopkins university.

"If the Hwasong-14 is put together the way we think it is, it can probably do a bit better than that when all the bugs are worked out," he wrote, projecting a range of 9,700 kilometres with a 500 kg warhead on board.

"The North Koreans won't be able to achieve this performance tomorrow, but they likely will eventually," he added.

At present it would be "lucky to hit even a city-sized target", he said, citing limits to its re-entry technology.

But with "a year or two of additional testing and development", he added, "it will likely become a missile that can reliably deliver a single nuclear warhead to targets along the US west coast, possibly with enough accuracy to destroy soft military targets like naval bases", such as that at San Diego in California.

The North's missile technology -- which it is banned from developing by the UN Security Council -- has advanced rapidly under Kim, ramping up tensions between Pyongyang and Washington.

**AFP**

# Militants kill six Hindu pilgrims: police

**Srinagar July 11**

Militants killed six Hindu pilgrims and wounded 14 others Monday in Indian-administered Kashmir, police told AFP, after their bus came under attack.

India's Central Reserve Police Force, which provides security for the two-month long annual pilgrimage, said gunmen first opened fire on a security checkpoint but no injuries were reported.

"Militants further attacked the pilgrims' bus at Batingu (six civilians killed and 14 injured) and escaped towards Arwani," the CRPF said in a statement.

The police force added the pilgrims were from the western Indian state of Gujarat.

A New Delhi based security official, speaking anonymously, told AFP that security personnel were exploring "all the angles including suspected Islamists".

Hundreds of thousands of Hindu pilgrims trek over mountain trails to reach Amarnath caves, around 3,900 metres (12,800 feet) above sea level, in Indian Kashmir every year.

The devotees worship the natural ice formation at the caves as a symbol of Shiva, the Hindu god of destruction.

"Pained beyond words on the dastardly attack on the peaceful Amarnath Yatris (pilgrims) in Jammu and Kashmir," Prime Minister Narendra Modi said on Twitter.

"India will never get bogged down by such cowardly attacks and the evil designs of hate," Modi added.

The pilgrimage has previously been the target of militants, with more than 30 pilgrims killed in 2000.

The state's former chief minister Omar Abdullah urged " every right thinking Kashmiri" to "unequivocally" condemn the attack.

"This is a moment for us to define ourselves. Are we willing to ... take a stand. No terror and murder in our names," Abdullah tweeted.

Kashmir, divided between India and Pakistan since 1947, is one of the most heavily militarised spots on earth with a long history of conflict.

**AFP**

www.facebook.com/themyawadydaily

# How three cups of coffee a day can extend your life: Studies find antioxidant properties helps to improve liver function

- **Two major studies found three cups a day can reduce the risk of an early death**
- **Found it reduced risks of liver disease and digestive and circulatory problems**
- **Research shows antioxidant plant compound is responsible rather than caffeine**
- **Drink improves liver function, reduces inflammation and boosts immune system**

Drinking three cups of coffee a day could extend your life, research suggests.

Two major studies, one led by British researchers and one in the US, have independently found consuming up to three cups a day reduces the risk of an early death.

The papers, both published last night in the Annals of Internal Medicine, found links between coffee and reduced risks of liver disease, circulatory problems and diseases linked to the digestive tract.

The scientists believe the antioxidant plant compounds in coffee are responsible for the benefits, rather than caffeine.

People who drank decaffeinated coffee were also protected, the researchers found.

Coffee seems to improve liver function, reduce inflammation and boost the immune system, they discovered.

The European study, led by Imperial College London and the UN International Agency for Research on Cancer, tracked 520,000 people over the age of 35 in ten countries for an average 16 years.

It found men who drank three cups of coffee a day were 18 percent less likely to die over that period, when compared to people who did not drink coffee at all.

Women who drank three cups a day had an 8 percent reduced chance of death.



**Drinking three cups of coffee a day could extend your life, new research has suggested.**

The US study, led by the University of Southern California, which involved 186,000 people, who were also tracked for 16 years, found similar results. Americans who consumed a cup of coffee a day were 12 percent less likely to die compared to those who didn't drink coffee, and those who drank three cups had an 18 percent reduced chance of death.

European study leader Dr Marc Gunter of the IARC, previously of Imperial's School of Public Health, said: 'We found higher coffee consumption was associated with a lower risk of death from any cause, and specifically for circulatory diseases, and digestive diseases.'

'Importantly, these results were similar across all of the ten European countries, with variable coffee drinking habits and customs.'

The researchers also found that coffee drinkers had healthier livers overall and better glucose control than non-coffee drinkers.

Coffee contains a number of compounds which interact with the body, including caffeine, diterpenes and antioxidants, and scientists believe some of these have a protective impact.

Dr Gunter added: 'We are not at the stage of recommending people to drink more or less coffee. That said, our results suggest that moderate coffee drinking – up to around three cups per day – is not detrimental, and that incorporating coffee into your diet could have health benefits.'

US study leader Dr Veronica Setiawan, of Keck School of Medicine at the University of Southern California, said: 'Coffee contains a lot of antioxidants and phenolic compounds that play an important role in cancer prevention.'

**Mail Online**

# Israel arrests suspects in probe over German submarine deal

**Jerusalem July 11**

Israeli police have arrested seven people this week over an alleged corruption scandal involving a submarine deal with Germany which reportedly involves people close to Prime Minister Benjamin Netanyahu.

"As part of the ongoing investigation being carried out by the national crimes and investigation unit this morning another suspect was arrested and is being questioned," police spokesman Micky Rosenfeld said on Tuesday.

Tuesday's arrest comes a day after six other Israelis were taken in for questioning on suspicion of offences including bribery and money laundering over a deal to buy Dolphin submarines from Germany's Thyssen Krupp.

Three were released to home arrest, while three others were remanded.

Police named the three remanded as Avriel Bar Yosef, former deputy head of Israel's National Security Council; Micky Ganor, the local representative for ThyssenKrupp; and Ronen Shemer, a lawyer employed by Ganor.

Media reports have alleged a conflict of interest over the role played by David Shimron, a relative of the prime minister and the Netanyahu family lawyer who also represents Thyssen Krupp in Israel.

In February, the justice ministry announced it had launched an investigation into the affair, stressing however that Netanyahu himself was not a suspect in the case.

Netanyahu is being investigated in a separate case over corruption suspicions reportedly involving receiving gifts from Israeli businessman and Hollywood producer Arnon Milchan.

The Israeli premier is also being probed over the suspicion he sought a secret deal with Amnon Moses, publisher of Israel's top-selling newspaper Yediot Aharonot.

Netanyahu has rejected any charges of misconduct, saying he is the target of a campaign by political opponents.

**AFP**

# Gunmen kill eight in Thailand over 'personal conflict'

**Bangkok July 11**

Eight relatives, including three children, were killed by gunmen posing as government officials in Thailand's Krabi province, police said Tuesday, a mass slaying investigators believe was sparked by a personal conflict.

Police say a gang of around six or seven men, dressed in camouflage outfits, stormed a house in the southern province around 4:00 pm (0900 GMT) on Monday.

They took ten people hostage and waited for the owner of the property -- a local village chief -- to return.

"Around 8pm the owner arrived, all of them (the victims) were handcuffed and blindfolded until midnight when gunmen opened fire," Chaiwut Buathong, chief of Ao Luek district, told AFP.

Six died at the scene and two others died in hospital, Chaiwut said, adding three of the victims were girls aged under 15.

Three others were taken to hospital with one in critical condition.

Deputy national police spokesman Krissana Pattanacharoen told reporters the victims came from a local Muslim family and that the gunmen "claimed to be officials who wanted to check on illegal activity".

Police said they are still investigating possible motives, including a property dispute between the village chief and locals who occupied public land in his community.

"Personally I believe that the motive is a serious personal conflict," said national police chief Chaktip Chaijinda, who flew down to Krabi to lead the investigation.

**AFP**

www.facebook.com/themyawadydaily



# လစ်သူရေးနီးယားမှာ ဒုံးပျံစနစ်တပ်ဖြန့်ချထားခဲ့သည့် အမေရိကန်

ရှိန်းထက်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင်တို့ကြား ဆက်ဆံရေးက ကောင်းမွန်နေသည်ဟုဆိုသော်လည်း မကောင်းမွန်သေးသည့် နောက်ကွယ်က အကြောင်းအရာများ ရှိနေသေးသည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ NATO နှင့် ရုရှားတို့ဘောလ်တစ်ဒေသ၌ တင်းမာနေဆဲဖြစ်သည့်အကြောင်းအရာက အဓိကဖြစ်နေသည်။ အကယ်၍ ရုရှားကသာ အမေရိကန်ရွေးကောက်ပွဲကိုဝင်ရောက်ခဲ့ပြီး ထရမ့်ဘက်ကမဲနိုင်အောင်လုပ်ပေးခဲ့သည်ဆိုလျှင် ထရမ့်နှင့် ပူတင်ကြားတွင် ဘောလ်တစ်ဒေသအတွင်း အပေးအယူကိစ္စကတော့ ရှိကိုရှိရမည်ဖြစ်သည်။

ဘောလ်တစ်ဒေသသည် ယခင်က ဆိုဗီယက်တို့ အုပ်ချုပ်ခဲ့သည့်နေရာဖြစ်သကဲ့သို့ ယခုပူတင်၏နယ်စပ်စစ်ရေးကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီး ဆိုဗီယက်ပြည်ထောင်စုကြီးဆီသို့ ပြန်လည်ဦးတည်နေချင်သည်ကို သိသာနေသည်။ သမိုင်းတွင် ဆိုဗီယက်တို့ကျူးကျော်ပြီး လစ်သူရေးနီးယားကိုခြယ်လှယ်ခဲ့သည့် ၁၉၄၄ ခုနှစ် နယ်ခြဲ့အရေးတော်ပုံကလည်း ထင်ထင်ရှားရှားရှိနေသည့်အတွက် ဘောလ်တစ်ဒေသရှိ နယ်စပ်နိုင်ငံငယ်လေးများက စိုးရိမ်နေသည်ကိုတော့ အပြစ်ပြော၍ မရပေ။

ထို့ကြောင့် အင်အားချင်းယှဉ်နိုင်သည့် NATO ဘက်ကိုကပ်ပြီး ရုရှားနှင့်ဖြစ်ပေါ်လာနိုင်သည့် စစ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြသည်။ ပုံမှန်စစ်ရေးလေ့ကျင့်မှုများကိုလည်း NATO နှင့် ပူးတွဲပြုလုပ်ကြရသည်။ ဘောလ်တစ်ဒေသရှိ နိုင်ငံတိုင်းတွင် ရုရှားကကျူးကျော်ခဲ့လျှင် မည်သို့တန်ပြန်ပြုလုပ်ရမည်ကို ၎င်းတို့ကပြည်သူတိုင်းကို အသိပေးထားသည်။ ၂၀၁၄ ခုနှစ်တွင် ရုရှား၏ခြိမ်းခြောက်မှုက ပိုမိုပြင်းထန်လာခဲ့သည်။

ကျူးကျော်ဖူးသောသမိုင်းရှိသည့် လစ်သူရေးနီးယားနယ်စပ်က ရုရှားပိုင်နေရာကို ရုရှားတို့က စစ်သားအယောက် ၉၀၀၀ နှင့် စစ်သင်္ဘောအစင်းရေ ၅၀ ကျော် စေလွှတ်စဉ်က ဘောလ်တစ်ဒေသရှိနိုင်ငံတိုင်းက စိုးရိမ်ခဲ့ရသည့်အချိန်ဖြစ်သည်။ ထိုစစ်အင်အားနှင့်ပင် ရုရှားတို့က ရပ်တန့်မသွားဘဲ ဒုံးပျံပစ်လွှတ်စင်များကိုပင် အဆင်သင့်ပြင်ဆင်ထားခဲ့သေးသောကြောင့် အမေရိကန်နှင့် NATO တို့ကပင် စိုးရိမ်ခဲ့ရသည်။



ထို့ကြောင့် ဒိုဘားမားအစိုးရလက်ထက် ဥရောပတွင် ရုရှားကိုထိန်းချုပ်ရန် NATO ကိုအလုံးစုံတာဝန်ပေးရတော့သည်။ ရုရှားကိုတန်ပြန်သည့်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဘောလ်တစ်နယ်စပ်များ၌ NATO တို့က လက်နက်ကြီးများကိုချထားခဲ့သည်။ လတ်လတ်ဆတ်ဆတ်ခရိုင်းမီးယားကို ရုရှားတို့သိမ်းပိုက်ထားသည့် ဥပမာကလည်းရှိနေသောကြောင့် လူတိုင်းကစိုးရိမ်ခဲ့ရသည့်အချိန်ဖြစ်နေသည်။

ခရိုင်းမီးယားဆိုလျှင် ရုရှားစစ်သားများ သူပုန်စစ်ဝတ်တန်ဆာများကိုဝတ်ဆင်ပြီး သွားရောက်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ပိုလန်၊ လတ်ဗီးယားနှင့် လစ်သူရေးနီးယားတို့ စစ်ရေးအတွက် အရာအားလုံးကို ကြိုတင်ပြင်ဆင်ထားခဲ့ရသည်။ အထူးသဖြင့် အချိန်မရွေးကျရောက်လာနိုင်သည့် ရုရှားဒုံးပျံများက ၁၉၄၄ ခုနှစ်က ကြောက်ခဲ့ရသည့် ရုရှားတင့်ကားများထက် ပိုမိုစိုးရိမ်နေရသည်။

ထို့ကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို NATO နှင့် အမေရိကန်တို့ ဘောလ်တစ်ဒေသရှိနိုင်ငံများ၌ ချထားခဲ့ရသည်။ ပိုလန်တွင် ရုရှားတိုက်ချင်းပစ်ဒုံးပျံများကိုပစ်ချရန် အမေရိကန်တို့က ယခုအချိန်ထိ သီးသန့်အဆင်သင့်ပြင်ဆင်ထားသည်။ ရုရှားက အမေရိကန်တို့ကြားဖြတ်ပစ်ချမည့်စနစ်က ၎င်းတို့ဒုံးပျံကိုမည်သည့်ဟန့်တားမှုမှ လုပ်နိုင်မည်မဟုတ်ဟုပြောသည်။

သို့သော် အမေရိကန်တို့ ဒုံးပျံပစ်စင်များကိုချထားမှုက ယခုအချိန်ထိရပ်တန့်မသွားခဲ့ပေ။ ယခုပင် လစ်သူရေးနီးယား၌ ပထမဆုံးပက်ထရီရော့ဒုံးပျံစနစ်ကို အမေရိကန်တို့ တပ်ဖြန့်ချထားခဲ့ပြီဖြစ်သည်။ မိုင်ပေါင်းထောင်ချီပစ်နိုင်သည့် တာဝေးပစ်ဒုံးပစ်စင် ပက်ထရီရော့များက ရုရှားကိုသာ ရည်ရွယ်ခြင်းဖြစ်သည်။ NATO ၏ထုတ်ပြန်ချက်ကတော့ ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် ကြိုတင်ပြင်ဆင်မှုဟုပြောသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် ပိုလန်၊ လတ်ဗီးယားနှင့် ယခုလစ်သူရေးနီးယားရှိ အမေရိကန်ဒုံးပစ်စင်များအပြင် တခြား အမေရိကန်နှင့် NATO တို့ပိုင်သည့် ဒုံးပစ်စင်များအားလုံး ပူးပေါင်းပါဝင်မည်ဖြစ်သည်။ ရုရှား၏ ဒုံးပျံများကို အဓိကထားချေဖျက်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည်။ လေ့ကျင့်မှုပြီးလျှင် ယင်းဒုံးပစ်စင်များကို ပြန်လည်သိမ်းယူမည်၊ မသိမ်းယူမည်ဆိုသော သေချာရေရာသည့်အဖြေကို အမေရိကန်တို့ မပေးသေးပေ။

ရာခိုင်နှုန်းအများဆုံးက အမေရိကန်တို့ ပြန်လည်သိမ်းယူမည်မဟုတ်ပေ။ ဘောလ်တစ်ဒေသ၌ ၎င်းတို့ဒုံးပစ်စင်များကိုမည်သည့် အကြောင်းပြချက်ကောင်းများဖြင့် ချထားရမလဲဟု အမေရိကန်တို့က စဉ်းစားခဲ့သောကြောင့်ဖြစ်သည်။ လစ်သူရေးနီးယားက အမေရိကန်တို့အတွက် လွန်စွာအသုံးချ၍ကောင်းသည့်နိုင်ငံဖြစ်သည်။ ရုရှားနှင့် လစ်သူရေးနီးယားသမိုင်းကြောင်းကို ပြန်လှန်ကြည့်လျှင် ကောင်းမွန်သည့်သတင်းထက် တင်းမာသည့်သတင်းက ပိုများနေသည်။

ရုရှားကိုဆန့်ကျင်သူ မည်သူ့ကိုမဆို လစ်သူရေးနီးယားက လက်ခံသည်။ ယခုပင် ရုရှားအမျိုးသားရေးလှုပ်ရှားသူခေါင်းဆောင်တစ်ဦး ဘယ်လာရုစ်က လစ်သူရေးနီးယားနိုင်ငံကူးလက်မှတ်ကိုင်ပြီး ရောက်နေသည်။ နိုင်ငံရေးခိုလှုံခွင့်တောင်းပြီး လစ်သူရေးနီးယား၌နေထိုင်ကာ ပူတင်အစိုးရဆန့်ကျင်ရေးဆောင်ရွက်မည်ဖြစ်သည်။ ၁၉၄၄ ခုနှစ်သမိုင်းကြွေးက ယခုအချိန်ထိ လစ်သူရေးနီးယားတို့အတွက် မကျေလည်နိုင်သေးဖြစ်နေသည်။

ထိုအချိန်တုန်းက လစ်သူရေးနီးယားပြည်သူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး ရုရှားတင့်ကားများဖြင့် မြို့တော်သို့တက်လာကာ သိမ်းပိုက်ခဲ့သည့်ခေတ်ဖြစ်သည်။ ယခု ရုရှားနှင့် နယ်စပ်အရေးတင်းမာမှုက ဆက်လက်မြင့်တက်နေပြန်သည်။ ထို့ကြောင့် NATO က တပ်ဖွဲ့ဝင်ထောင်ချီ၍ လစ်သူရေးနီးယားကို ပို့ထားရကာ လစ်သူရေးနီးယားစစ်တပ်ကို လေ့ကျင့်ပေးနေရသည်။

ထိုကြားထဲတွင် ထရမ့်နှင့်ပူတင်တွေ့ဆုံပြီးမှ ပက်ထရီရော့များ လစ်သူရေးနီးယားကိုရောက်လာသည်က စဉ်းစားစရာဖြစ်နေသည်။ ပူတင်နှင့် ထရမ့်တို့ လက်ဝါးချင်းရိုက်ပြီးမှ အကွက်ကျကျစီစဉ်လိုက်ခြင်းလားသို့မဟုတ် ထရမ့်ကပဲ NATO ကိုအသုံးချပြီး ရုရှားထက် ဘောလ်တစ်ဒေသရှိနိုင်ငံများ၌ စစ်ရေးအရ နေရာဝင်ယူနေခြင်းလားဟု တွေးစရာပင်ဖြစ်နေသည်။

NATO နှင့် ထရမ့်တို့၏ ဆက်ဆံရေးကို လူတိုင်းသိထားသည်က မကောင်းသည့်ဘက်ကဖြစ်သည်။ သို့သော် ထိုအရာကပင် ထရမ့်၏ စစ်ရေးလှည့်ကွက်ဗျူဟာဖြစ်နေနိုင်သည်။ ထရမ့်က မည်မျှပင်ပူတင်နှင့် အဆင်ပြေပြေ သမိုင်းကြောင်းနှင့်ချီသည့် ၎င်းတို့နှစ်နိုင်ငံကြားကပြိုင်ဆိုင်မှုကတော့ ငြိမ်သက်သွားမည်မဟုတ်ပေ။

ထိုပြိုင်ဆိုင်မှုကပင် အမေရိကန်၊ ရုရှား မဟာမိတ်မဖြစ်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ထို့ကြောင့် ပူတင်နှင့်ထရမ့်တို့ တွေ့ဆုံမှု၊ NATO နှင့် အမေရိကန်တို့ ဘောလ်တစ်ဒေသရှိ နိုင်ငံများတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု၊ ဆီးရီးယားမှာ အမေရိကန်နှင့်ရုရှားတို့၏အပစ်အခတ်ရပ်စဲရေးအားလုံးကို ခြုံကြည့်လျှင် နောက်ကွယ်တွင် သီးခြားအားဖြည့်ပြီး ပြိုင်ဆိုင်မှုများကရှိနေသေးသည်ကို ရှင်းရှင်းလင်းလင်းမြင်နေနိုင်ပါသောကြောင်း တင်ပြလိုက်ရပါသည်။ ။

**Ref;World Affair**

---

# အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၁၁

ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှုအကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်သီတာခန်းမ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks Co.,Ltd. တို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် အရာရှိသင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းအဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းကို ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာများကိုင်တွယ်ထိန်းသိမ်းအသုံးပြုပြီး မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks ကုမ္ပဏီတို့က ကျွမ်းကျင်နည်းပြဆရာများဖြင့် သင်တန်းကာလရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ (၂၀၀)

---

# ငါးပိကို ပင်ရင်းမှဝယ်ယူရာတွင်ဆိုးဆေးအသုံးပြုထားခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန်လုပ်ငန်းရှင်များအား သင်တန်းပေးမည်

ရန်ကုန် ဇူလိုင် ၁၁

ပြည်တွင်းရှိငါးပိကို ပင်ရင်းမှဝယ်ယူရာတွင် ဆိုးဆေးအသုံးပြုထားခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရေးအတွက် ငါးပိရောင်းချသည့် လုပ်ငန်းရှင်များအား သင်တန်းပေးနိုင်ရန် ဈေးတာဝန်ခံများထံ စာရင်းကောက်ယူလျက်ရှိကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်ထံမှ သိရသည်။

ထိုသို့ ငါးပိရောင်းချသည့် ပင်မငါးပိဒိုင်မှ လက်လီရောင်းချမည့်သူများက ဝယ်ယူစဉ်၌ပင် ဆိုးဆေးအသုံးပြုထားခြင်းရှိ၊ မရှိသိရှိနိုင်စေရန် စစ်ဆေး၍ရသည့်စက်ဖြင့် စစ်ဆေးနည်းသင်တန်းကို နှစ်ရက်ကြာသင်ကြားပေးမည်ဖြစ်သည်။

ထိုကဲ့သို့ စီစဉ်ရခြင်းမှာ နေပြည်တော်ရှိဈေးများ၌ လှည့်လည်စစ်ဆေးရာတွင် အများစုမှာ ငါးပိများ၌ တားမြစ်ဆိုးဆေးများသုံးစွဲထားသည်ကိုတွေ့ရှိရပြီး လက်လီရောင်းချသူများက မသိရှိကြသည့်အတွက် စစ်ဆေးပြီးဝယ်ယူနိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစက်များအား သင်တန်းတက်ရောက်သူများကို ရောင်းချပေးသွားမည်ဖြစ်ပြီး စက်မှာ အမြန်စစ်ဆေးနိုင်သည့် စက်ကိရိယာတစ်ခုဖြစ်သဖြင့် ဖန်ပြွန်ထဲသို့ ငါးပိထည့်ပြီး အပူပေးပါက သတ်မှတ်ချိန်ပြည့်လျှင် ဖန်ပြွန်ထဲရှိအစလေးကို ချေပြန်လည်ဆေးပါက ခွင့်မပြုထားသောဆိုးဆေးအသုံးပြုထားလျှင် ပန်းရောင်ကျန်ခဲ့မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လက်ကားဆိုင်များကို စစ်ဆေးနိုင်ရန် သင်တန်းပေးခြင်းဖြင့် လက်လီဆိုင်များသို့ ဆိုးဆေးအသုံးပြုထားသည့် ငါးပိများရောက်ရှိနိုင်ရန် လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

နေနေ

www.facebook.com/themyawadydaily

# အမေရိကန်ကဘောတစ်ဒေသ၌ တာဝေးပစ်ဒုံးကျည် ကာကွယ်ရေးတပ်ခွဲကို ပထမဆုံးအကြိမ်တပ်ဖြန့်



ဗီလီနီးယပ် ဇူလိုင် ၁၁

အမေရိကန်စစ်ဘက်သည် ဘောတစ်ဒေသတွင်ပါဝင်သည့် လစ်သူရေးနီးယား၌ တာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်သော ပတ်ထရီးယော့ဒုံးတပ်ခွဲတစ်ခွဲကို တပ်ဖြန့်ချထားကြောင်း သိရသည်။

အမေရိကန်အနေဖြင့် ယင်းကဲ့သို့ တပ်ဖြန့်ချထားခြင်းသည် NATO အဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများတွင် အသုံးပြုရန်ဖြစ်ပြီး ဘောတစ်ဒေသ၌ ရုရှား၏လေကြောင်းအရ အရေးသာမှုကိုကာကွယ်ရန် ပတ်ထရီးယော့ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် တပ်ဖြန့်ခြင်းဖြစ်သည်။

အဆိုပါဒုံးတပ်ခွဲကို ဇူလိုင် ၁၀ ရက်တွင် ဆီအောလီယိုင်လေတပ်အခြေစိုက်စခန်း၌ တပ်ဖြန့်ချထားခြင်းဖြစ်ကာ Tobruk Legacy စစ်ရေးလေ့ကျင့်ခန်း၌ အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုပြီးဆုံးမည့် ဇူလိုင် ၂၂ ရက်တွင် ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက Reuters သတင်းဌာနသို့ ပြောသည်။

NATO တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုသည် ရုရှားနှင့် ဘယ်လာရုတို့ ပူးပေါင်းလုပ်ဆောင်သည့် ကြီးမားသောစစ်ရေးလေ့ကျင့်ခန်းဖြစ်သော Zapad 2017 မတိုင်မီ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့်ဘယ်လာရုတို့၏ စစ်ရေးလေ့ကျင့်မှုသည် ပိုလန်နှင့် NATO မဟာမိတ်များဖြစ်သည့် ဘောတစ်သုံးနိုင်ငံ၏ နယ်စပ်ဒေသများ၌ စစ်သည်တစ်သိန်းကျော်ကို တပ်ဖြန့်လာနိုင်သည်ဟု NATO တာဝန်ရှိသူများက ယုံကြည်ထားသည်။

NATO မဟာမိတ် ဘောတစ်သုံးနိုင်ငံဖြစ်သည့် လစ်သူရေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့တွင် ထိရောက်မှုနည်းသော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များသာရှိသည့်အတွက် ၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားအရေးဖြစ်ပွားပြီးနောက် ၎င်းတို့၏ လေကြောင်းရန်ကာကွယ်ရေးအင်အားမှာ စိုးရိမ်ဖွယ်ရာဖြစ်လာသည်။

***Ref: AFP***

# G20 ထိပ်သီးဆွေးနွေးပွဲအား အကြမ်းဖက်ဆန္ဒပြမှုကို မာကယ်ရှုတ်ချ

ဟမ်းဘာ့ ဇူလိုင် ၁၁

ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုခြင်းကို နားလည်ပေးနိုင်သော်လည်း အကြမ်းဖက်ဆန္ဒပြခြင်းသည် လူ့အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ကြောင်းနှင့် G20 ထိပ်သီးဆွေးနွေးပွဲအား ကန့်ကွက်ဆန္ဒပြသူများကို ရှုတ်ချကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျဲလာ မာကယ်က ပြောသည်။

G20 ထိပ်သီးဆွေးနွေးပွဲအား ဆန္ဒပြကန့်ကွက်နေမှုများသည် အကြမ်းဖက်သည့်အသွင်ဖြစ်လာကြောင်း မာကယ်၏ ပြိုင်ဘက် ဂျာမနီပြည်သူ့ဒီမိုကရက်ပါတီမှ ကိုယ်စားလှယ်လောင်း မာတင်ရှူးက Business Insider သတင်းဌာနသို့ ပြောသည်။

ဆန္ဒပြသည်ဟုဆိုကာ တစ်မြို့လုံးအနှံ့ လှည့်လည်သောင်းကျန်းနေသော အဖွဲ့များသည် နိုင်ငံရေးအရ ပေါင်းစည်းလုပ်ဆောင်ခြင်းမဟုတ်ကြောင်း အကြမ်းဖက်မှုအသွင်ဆောင်ကာ ဖျက်ဆီးရမ်းကားနေခြင်းဖြစ်ကြောင်း မာတင်ရှူးက ဆက်လက်ပြောသည်။

ဆန္ဒပြသူများ၏ ဥပဒေမဲ့စွာရမ်းကားမှုကြောင့် ပျက်စီးသွားသောအဆောက်အအုံများကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကယ်က ကတိပြုသည်။

ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ၏ ပဋိပက္ခများအတွက် ရဲအရာရှိ ၄၇၆ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။ ရဲတပ်ဖွဲ့ဝင် ၂၀၀၀၀ သည် ဆန္ဒပြသူ လူအုပ်ကြီးကို လူစုခွဲစေရန် ကြိုးပမ်းခဲ့ပြီး ဆန္ဒပြသူ ၂၂၅ ဦးကို ဖမ်းဆီးကြောင်း သိရသည်။

အာဂျင်တီးနား၊ ရုရှား၊ ပြင်သစ်၊ တရုတ်၊ ကနေဒါ၊ ဘရားဇီး၊ ဂျာမနီ၊ သြစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ မက္ကဆီကို၊ ဂျပန်၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂမှ ခေါင်းဆောင်များသည် ဂျာမနီနိုင်ငံ ဟမ်းဘာ့မြို့၌ ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ ကျင်းပသော ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ၊ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်း၊ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်းသိရသည်။

***Ref: Sputnik***

# NATO အဖွဲ့သို့ယူကရိန်းဝင်ခြင်းသည် ဥရောပ၏လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်မည်မဟုတ်ဟု ရုရှားပြော

မော်စကို ဇူလိုင် ၁၁

NATO အဖွဲ့သို့ ယူကရိန်းနိုင်ငံဝင်ခြင်းသည် ဥရောပ၏လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်မည်မဟုတ်ကြောင်း ရုရှားကရင်မလင်နန်းတော်က ထုတ်ပြန်လိုက်သည်။

ယူကရိန်းနိုင်ငံက NATO အဖွဲ့သို့ ဝင်ရောက်သွားမည်ဆိုပါက ယင်းအဖွဲ့ကြီး၏ စစ်ဘက်အခြေခံအဆောက်အအုံများသည် ရုရှားနိုင်ငံနယ်စပ်အနီးအထိကျယ်ပြန့်လာမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဇူလိုင် ၁၀ ရက်တွင် ပြောသည်။

ထို့ပြင် NATO အဖွဲ့က ၎င်းတို့၏စစ်ဘက်အခြေခံအဆောက်အအုံများကို ရုရှားနယ်စပ်အထိတိုးချဲ့နေမှုအပေါ် ရုရှားအစိုးရက အလွန်အမင်းစိုးရိမ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

သို့သော် ထိုသို့သောအပြုအမူမျိုးကို NATO အဖွဲ့က ဆက်လက်လုပ်ဆောင်မည်ဖြစ်သောကြောင့် အဆိုပါလုပ်ရပ်သည် ဥရောပ၏လုံခြုံရေးနှင့် တည်ငြိမ်ရေးကို တိုးမြှင့်ပေးနိုင်မည်မဟုတ်ကြောင်း ပက်စကော့က ဆိုသည်။

ပက်စကော့၏ပြောဆိုချက်သည် NATO အဖွဲ့ဝင်ဖြစ်လာရေးအတွက် လုပ်ဆောင်မည့် အစီအစဉ်တစ်ရပ်ချမှတ်ရန် ယူကရိန်းနိုင်ငံက တင်သွင်းသည့် အဆိုပြုချက်ကို NATO အဖွဲ့အတွင်းရေးမှူးချုပ် ဂျန်စတိုတန်ဘာ့က လက်ခံကာ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယူကရိန်းအနေဖြင့် NATO အဖွဲ့သို့ဝင်နိုင်ရေးအတွက် လုပ်ငန်းစဉ်ပြန်လည်စတင်ရေးဥပဒေကို လက်မှတ်ရေးထိုးပြီးဖြစ်သည်ဟု ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ထုတ်ပြန်ထားသည်။

ထို့ပြင် NATO အဖွဲ့သို့ဝင်နိုင်ရေးအတွက်ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် နိုင်ငံ၏လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍများကို ပြန်လည်ပြုပြင်သွားမည်ဟု ပိုရိုရှန်ကိုက ကတိပြုထားကြောင်း သိရသည်။

***Ref: Xinhua***

# ၂၀၁၆ ခုနှစ်တွင် ဥရောပတိုက်တစ်ဝန်း၌ ဝက်သက်ရောဂါကြောင့် သေဆုံးသူ ၃၅ ဦးရှိ



နယူးယောက် ဇူလိုင် ၁၁

ဥရောပတိုက်တစ်ဝန်း၌ ၂၀၁၆ ခုနှစ်တွင် ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ၃၅ ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က ထုတ်ဖော်ပြောသည်။

ဝက်သက်ရောဂါသည် ကြိုတင်ကာကွယ်ဆေးထိုးထားနိုင်သည့်ရောဂါဖြစ်ပြီး ယခုကဲ့သို့ လူပေါင်းများစွာသေဆုံးမှုမှာ မျှော်လင့်မထားသော အဖြစ်ဆိုးတစ်ခုဖြစ်ကြောင်း WHO က ပြောသည်။

ဝက်သက်ရောဂါကြောင့် နောက်ဆုံးကွယ်လွန်သည့်ကလေးငယ်မှာ အီတလီနိုင်ငံမှ အသက်ခြောက်နှစ်ရှိ ယောက်ျားလေးတစ်ဦးဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အီတလီနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၃၃၀၀ ကျော်ရှိကြောင်း မှတ်တမ်းများအရသိရသည်။

ရိုမေးနီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၃၁ ဦးရှိသဖြင့် ဝက်သက်ရောဂါကူးစက်မှုကြောင့် သေဆုံးသူအများဆုံးနိုင်ငံအဖြစ် မှတ်တမ်းတင်ခံရသည်။ ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ပေါ်တူဂီနှင့်ဂျာမနီနိုင်ငံတို့တွင်လည်း ဝက်သက်ရောဂါကြောင့် သေဆုံးမှုများရှိသည်။

ဝက်သက်ရောဂါကာကွယ်ဆေးမှာ ကြိုတင်ထိုးထားနိုင်သော်လည်း ကမ္ဘာတစ်ဝန်းတွင် ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကလေးငယ်များ၏ အသက်များဆုံးရှုံးနေရဆဲဖြစ်သဖြင့်စိတ်ပူမိကြောင်းနှင့် ဝက်သက်ရောဂါကူးစက်မှုဖြစ်ပွားသည့်နိုင်ငံများအနေဖြင့် အရေးပေါ်ဆောင်ရွက်မှုများကို လုပ်ဆောင်သင့်ကြောင်း WHO မှ ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆူဆန်နာဂျာကတ်က ပြောသည်။

ဝက်သက်ရောဂါသည် ကူးစက်တတ်သောရောဂါဖြစ်သော်လည်း ကာကွယ်ဆေးထိုးနှံထားပါက ၉၅ ရာခိုင်နှုန်း စိတ်ချရကြောင်း သိရသည်။

***Ref: BBC***

# မက္ကဆီကိုနိုင်ငံ၌ အပူလှိုင်းဖြတ်မှုကြောင့် နှစ်ဦးသေဆုံး



မက္ကဆီကိုစီးတီး ဇူလိုင် ၁၁

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း၌ အပူလှိုင်းဖြတ်မှုကြောင့် အနည်းဆုံးနှစ်ဦးသေဆုံးပြီး လူ ၁၀၀ ကျော်ကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးထားရကြောင်း နိုင်ငံအနောက်မြောက်ပိုင်းရှိ ဆိုနိုရာပြည်နယ်ကျန်းမာရေးစောင့်ရှောက်မှုဝန်ကြီးဌာနက ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

အပူလှိုင်းဖြတ်မှုကြောင့် အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယက်အထက်တွင်ရှိပြီး တစ်ခါတစ်ရံအရိပ်အာဝါသအောက်၌ပင် အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယက်အထိရှိသည်။ ပုံမှန်ရာသီဥတုအခြေအနေရှိသည့် ဆိုနိုရာပြည်နယ်သည် ယခုနှစ် ဇူလိုင်လမှစ၍ အပူချိန် ၃၂ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်လာကြောင်း သိရသည်။

ပြည်နယ်အတွင်း၌ ယင်းကဲ့သို့အပူချိန်မြင့်တက်လာမှုများကြောင့် လူ ၅၅ ဦးသည် ခန္ဓာကိုယ်၌ ရေဓာတ်ခန်းခြောက်မှုများဖြစ်ပေါ်ပြီး ၂၄ ဦးမှာ အပူလျှပ်သည့်လက္ခဏာများခံစားရခြင်းကြောင့် ၎င်းတို့ကိုဆေးကုသမှုခံယူရန် ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ဟာမိုဆေလိုစီရင်စုအတွင်းရှိ ဒေသခံများမှာ အဆိုပါအပူလှိုင်းဖြတ်မှုဒဏ်ကို အဆိုးဆုံးရင်ဆိုင်ခံစားရကြောင်း မှတ်တမ်းကောက်ယူချက်အရသိရသည်။

***Ref: Sputnik***




# မြန်မာခရစ်ကက်အဖွဲ့ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးပွဲ သုံးပွဲကစားမည်

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၇ ဆီးဂိမ်းအကြို ပြင်ဆင်မှုအဖြစ် မြန်မာခရစ်ကက် အမျိုးသားအသင်းသည် ယခုလတတိယပတ်အတွင်း ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းလေ့ကျင့်ရေးခရီးစဉ်မှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး လက်ရွေးစင်ကစားသမားစုစုပေါင်း ၃၀ ဦး ပါဝင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံ၌ လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ၏ ခရစ်ကက်ကစားနည်းတွင် ပြိုင်ပွဲအမျိုးအစားသုံးမျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာခရစ်ကက်အားကစားအဖွဲ့က ပြိုင်ပွဲသုံးမျိုးစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ T 20 အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက အုပ်စု(ခ)၌ အိမ်ရှင်မလေးရှား၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး 50 Over အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် အိမ်ရှင်မလေးရှား၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

50 Over အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်ငါးသင်းသာပါဝင်သောကြောင့် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ပြိုင်ပွဲဝင်မယ့် နိုင်ငံတွေရဲ့အခြေအနေကို မသိရတဲ့အတွက် ဆုတံဆိပ်ရဖို့၊ မရဖို့က ကြိုပြောဖို့ခက်တယ်။ ဒါပေမဲ့ စင်ကာပူနဲ့ အင်ဒိုနီးရှားက တော်တော်ကောင်းတယ်။ အကောင်းဆုံးပြင်ဆင်ပြီးမှ သွားပြိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အောင်မြင်မှုရယူချင်ပါတယ်" ဟု မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာခရစ်ကက်အဖွဲ့တွင် လက်ရွေးစင်ကစားသမား အမျိုးသား၊ အမျိုးသမီး ၃၀ ဦး ရွေးချယ်ထားပြီး ပြည်ပနည်းပြတစ်ဦးနှင့် ပြည်တွင်းနည်းပြသုံးဦးက နေပြည်တော်ရှိ အားကစားရွာ၌ လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**MK**

# မြန်မာယူ-၂၂ အသင်း မလေးရှားယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲကစားရန် ကွာလာလမ်ပူသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာယူ-၂၂ အသင်း အပြီးသတ်ကစားသမား ၂၃ ဦး စာရင်းကို ဇူလိုင် ၁၀ ရက်က ထပ်မံထုတ်ပြန်ခဲ့ရာ မလေးရှားယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲတွင်မပါဝင်သည့် သန့်ပိုင်နှင့် မျိုးကိုထွန်းတို့ ပြန်လည်ပါဝင်လာကြောင်း သိရသည်။

နည်းပြချုပ် ဂတ်ဇီဆီသည် လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲအပြီးတွင် ကစားသမားအပြောင်းအလဲပြုလုပ်ပြီး ကစားသမားသစ်များကိုခေါ်ယူလေ့ကျင့်ရာတွင် ရှမ်းယူနိုက်တက်အသင်း ကစားသမားရွေ့ကိုအား အပြီးသတ်ကစားသမားစာရင်းအထိ ခေါ်ယူအားဖြည့်ခဲ့သည်။ ထို့ပြင် ဇူလိုင် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မလေးရှား ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲတွင် ချန်လှပ်ထားသော သန့်ပိုင်နှင့် မျိုးကိုထွန်းတို့ကို အပြီးသတ်ကစားသမားစာရင်းထဲတွင် ပြန်လည်ထည့်သွင်းထားသည်။

မြန်မာယူ-၂၂ အသင်း အပြီးသတ်ကစားသမားစာရင်းတွင် ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ကစားသမား ငါးဦးစီပါဝင်ခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် ဇူလိုင် ၁၉ ရက်တွင်စတင်မည့် အာရှယူ-၂၃ ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲအဖြစ် မလေးရှားယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။

အာရှယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာယူ-၂၂ အသင်း အပြီးသတ်ကစားသမားစာရင်းတွင် ဂိုး ဖုန်းသစ္စာမင်း၊ ဝေလင်းအောင်၊ ဆန်းဆက်နိုင်၊ နောက်တန်း ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ သီဟထက်အောင်၊ တလန်ဟုတ်ထန်၊ စည်သူအောင်၊ နန္ဒကျော်၊ အလယ်တန်း ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ ရန်ပိုင်စိုး၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဇေယျာနိုင်၊ ရှေ့တန်း သန့်ပိုင်၊ အောင်ကောင်းမာန်၊ ရွှေကို၊ ငြိမ်းချမ်းအောင်နှင့် အောင်သူတို့ပါဝင်ကြောင်း သိရသည်။

**တီတီ**

# ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်-၂ နောက်ဆုံးပွဲစဉ်များအချိန်နှင့် ရက်ပြောင်းလဲ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲပြီးဆုံးရန် ပွဲစဉ်တစ်ပွဲသာကျန်ရှိတော့ပြီး ဇူလိုင် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည့် နောက်ဆုံးပွဲစဉ်များကို အချိန်နှင့်ရက်ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၇ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲစဉ်များကို မြန်မာ့လက်ရွေးစင်အမျိုးသမီးခြေစမ်းပွဲများကြောင့် ပွဲစဉ်များကိုပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မူလကမောရဝတီနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ပွဲစဉ်ကို ဇူလိုင် ၁၇ ရက်တွင် အောင်ဆန်းအားကစားကွင်း၌ ကျင်းပရန်စီစဉ်ထားသော်လည်း ဇူလိုင် ၁၅ ရက်တွင် တက္ကသိုလ်ကွင်းသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဇူလိုင် ၁၅ ရက်တွင် သုဝဏ္ဏအားကစားကွင်း၌ စီးတီးစတားနှင့် ဖုန်ဂန်အသင်းပွဲစဉ်ကို ဇူလိုင် ၁၆ ရက်တွင် ပဒုမ္မာအားကစားကွင်းသို့ ပြောင်းလဲပြီး ဇူလိုင် ၁၆ ရက်တွင် သုဝဏ္ဏအားကစားကွင်း၌ ဗီးနစ်(က)နှင့် မြဝတီအသင်းတို့ပွဲစဉ်အား ဇူလိုင် ၁၅ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် လိဂ်-၂ နောက်ဆုံးပွဲစဉ်(၂၀)မှာ ဇူလိုင် ၁၅ ရက်တွင် အောင်ဆန်းအားကစားကွင်း၌ ဒဂုံနှင့် တက္ကသိုလ်အသင်း၊ သုဝဏ္ဏအားကစားကွင်း၌ ဗီးနစ်(က)နှင့် မြဝတီအသင်း၊ တက္ကသိုလ်ကွင်း၌ မြဝတီနှင့် ငွေကြယ်ပွင့်လေးများအသင်း၊ ဇူလိုင် ၁၆ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ စီးတီးစတားနှင့် ဖုန်ဂန်အသင်း၊ အောင်ဆန်းအားကစားကွင်း၌ မဟာယူနိုက်တက်နှင့် စီးတီးရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲစဉ်များအား ညနေ ၃ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် စီးတီးရန်ကုန်အသင်းတို့ပွဲစဉ်ကို ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တီတီ**

# ၂၀၁၇ မှတ်သုံ့ရာသီဖလားတံခွန်စိုက်စစ်တုရင်ချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်ဖြင့် ဝင်းဇော်ထွန်း ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၇ မှတ်သုံ့ရာသီဖလားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ၁၁ ဦးပါဝင်ယှဉ်ပြိုင်ပြီး နောက်ဆုံးနေ့ပွဲစဉ်များအပြီးတွင် လက်ရှိမြန်မာပြည်ချန်ပီယံ ဝင်းဇော်ထွန်းက ၁၀ ပွဲကစားပြီး ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် ရှုံးပွဲမရှိစံချိန်ဖြင့် ရမှတ် ကိုးမှတ်ရရှိကာ ချန်ပီယံဆုကိုရရှိခဲ့သည်။



ယင်းပြိုင်ပွဲတွင် အဆင့်(၂)၌ ဇော်ဝမ်းက ငါးပွဲနိုင်၊ လေးပွဲသရေ တစ်ပွဲရှုံး၊ ရမှတ် ခုနစ်မှတ်ဖြင့်လည်းကောင်း၊ အဆင့်(၃)တွင် အောင်မျိုးလှိုင်က လေးပွဲနိုင်၊ လေးပွဲသရေ နှစ်ပွဲရှုံး၊ ရမှတ် ခြောက်မှတ်ဖြင့်လည်းကောင်း၊ အဆင့်(၄)တွင် သက်နောင်က ငါးပွဲနိုင်၊ နှစ်ပွဲသရေ သုံးပွဲရှုံး၊ ရမှတ်ခြောက်မှတ်ဖြင့် လည်းကောင်း အသီးသီးရပ်တည်ပြီး အဆင့်(၅)တွင် သန်းမင်းလှိုင်၊ အဆင့်(၆)တွင် မျိုးနိုင်၊ အဆင့်(၇)တွင် မြင့်ဟန်၊ အဆင့်(၈)တွင် ခင်သန်း၊ အဆင့်(၉)တွင် ကျော်လင်းနိုင်၊ အဆင့်(၁၀)တွင် ဝင်းထွန်းနှင့် အဆင့်(၁၁)တွင် ခင်ကိုတို့က ရပ်တည်နိုင်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ဆုကြေးငွေများအဖြစ် ချန်ပီယံဆုအား ဆုဖလားနှင့် ငွေကျပ် လေးသိန်း၊ အဆင့်(၂)အား ဆုဖလားနှင့် ငွေကျပ် သုံးသိန်း၊ အဆင့်(၃)အား ဆုဖလားနှင့် ငွေကျပ် နှစ်သိန်း၊ အဆင့်(၄)အား ငွေကျပ် တစ်သိန်း၊ အဆင့်(၅)နှင့် အဆင့်(၆)အား ငွေကျပ် ငါးသောင်းစီ၊ အဆင့်(၇)နှင့် အဆင့်(၈)အား ငွေကျပ် လေးသောင်းစီနှင့် အဆင့်(၉)အား ငွေကျပ် သုံးသောင်း ချီးမြှင့်ပေးခဲ့သည်။

ထို့ပြင် ဝါသနာရှင်ပရိသတ်များကလည်း ပြိုင်ပွဲဝင်များကို ထပ်ဆောင်းဆုကြေးများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တီတီ**

# ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်ရှိနေရန် ကြိုးစားမည်ဟု နည်းပြချုပ် ဦးမင်းသူပြော

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနေရှင်နယ်လိဂ် အသက် ၁၉ နှစ်အောက်လူငယ်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂိုးကွာခြားချက်အသာဖြင့် ဦးဆောင်ထားသော ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းသည် ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်ရှိနေရန် ကြိုးစားမည်ဟု နည်းပြချုပ် ဦးမင်းသူက ပြောသည်။

"အစီကကတော့ ချန်ပီယံလမ်းကြောင်းကနေ ဘာအကြောင်းကြောင်းကြောင့်နဲ့မှ မဆင်းရအောင်ကြိုးစားမှာပါ။ ဒီချန်ပီယံဆုကို မရ ရအောင်ယူမယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေကို ဒီထက်ပိုကောင်းလာအောင် သင်ကြားပေးသွားမှာပါ။ အသင်းရဲ့ကစားသမားတွေ ခြေစွမ်းကိုအားရပေမယ့် သိပ်အကောင်းကြီးမဟုတ်သေးဘူး။ နောက်ပွဲတွေအတွက် ပွဲစဉ်တစ်ပွဲပြီးတိုင်း မှားတာတွေကိုပြင်ဆင်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ" ဟု ဦးမင်းသူကပြောသည်။

ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းသည် ယမန်နေ့က ပွဲစဉ်(၁၅)အဖြစ် ဟံသာဝတီ ယူ-၁၉ အသင်းနှင့် မြဝတီဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုးပြတ်အနိုင်ရရှိကာ အမှတ်ပေးဇယားကိုဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းသည် ပွဲစဉ်(၁၅) ကစားအပြီးတွင် ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး အဆင့်(၂) နေရာမှ ရတနာပုံအသင်းမှာလည်း ပွဲစဉ်(၁၅)ကစားအပြီးတွင် ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၆ မှတ်ဖြင့် ရပ်တည်နေကာ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းက ဂိုးကွာခြားချက် ၂၆ ဂိုးအထိ အသာဖြင့် ဇယားထိပ်တွင် ရပ်တည်နေကြောင်း သိရသည်။

**တီတီ**



www.facebook.com/themyawadydaily



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာမက်နာဂါးမြို့ရှိ Armoured Corps Centre & School သို့သွားရောက်လေ့လာ

နေပြည်တော်  ဇူလိုင်  ၁၁

အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အာမက်ဒါဘတ်မြို့ရှိ တပ်မတော်လေဆိပ်မှ အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURI နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပူနေးလေဆိပ်သို့ရောက်ရှိရာ အိန္ဒိယတပ်မတော်မှ ပူနေးလေတပ်စခန်းမှူး Air Commodore Surendran Singh နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။ ပူနေးလေဆိပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘွဲ့လွန်ပညာသင်ကြားရေးအတွက် ရောက်ရှိနေသော စာမျက်နှာ ၁၆ ကော်လံ ၁ ★



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာမက်နာဂါးမြို့ရှိ Armoured Corps Centre & School အတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြစဉ်။

**နေ့စဉ်နာရီဝက်ခန့်ပုံမှန်လမ်းလျှောက်ပါက ရောဂါဘယများကင်းစင်၍ သက်ရှည်ကျန်းမာစေမည်။**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား လိုအပ်သလိုစိစစ်အရေးယူပေးနိုင်ရန် နိုင်ငံတော်အစိုးရထံတင်ပြ

နေပြည်တော်  ဇူလိုင်  ၁၁

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ ရန်ကုန်မြို့တွင် USAID နှင့်ပူးပေါင်းကျင်းပခဲ့သည့် နိုင်ငံရေးအကျဉ်းသားများအတွက် အလုပ်အကိုင်ဖန်တီးပေးရေး အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အရပ်ဘက် စစ်ဘက်ဆက်ဆံရေးဆိုတာ ဒီမိုကရေစီခေတ်မှာမရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ဆိုတာ Protocol အရ ညွှန်ကြားရေးမှူးချုပ် Level ပဲဖြစ်ကြောင်း ပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ လူမှုကွန်ရက်နှင့်ပုံနှိပ်မီဒီယာများတွင် ပျံ့နှံ့လျက်ရှိကြောင်းတွေ့ရှိရပါသည်။

အဆိုပါအချက်နှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရထံ လိုအပ်သလိုစိစစ်အရေးယူပေးနိုင်ရန်တင်ပြထားကြောင်း သတင်းရရှိသည်။ (၁၀၀)

## လူသစ်တန်းအမျိုးသားဟော်ကီပြိုင်ပွဲဖွင့်ပွဲကျင်းပ




ရန်ကုန်  ဇူလိုင်  ၁၁

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဖလား လူသစ်တန်းအမျိုးသားဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးခင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်လူကြီးများကို ဝတ်စုံများလှူဒါန်းပေးသော Winner Sports Co., Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် စာမျက်နှာ ၁၆ ကော်လံ ၅ ❍

## TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့နယ်၊ မန်ပူးကျေးရွာမှ ရွာသူ၊ ရွာသားများအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော်  ဇူလိုင်  ၁၁

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နမ့်ခမ်းမြို့နယ်၏ အနောက်တောင်ဘက် ၈ မိုင်ခန့်အကွာရှိ မန်ပူးကျေးရွာသို့ ဇူလိုင် ၈ ရက်ည ၁၂ နာရီခန့်တွင် အရပ်ဝတ်ဝတ်ဆင်၍ လက်နက်ငယ်ကိုယ်စီကိုင်ဆောင်ထားသော TNLA အကြမ်းဖက်သောင်းကျန်းသူ ၁၅ ဦးခန့် ဝင်ရောက်လာပြီး ရွာသူ၊ ရွာသား ၁၆ ဦးနှင့် ကျောင်းဆရာမတစ်ဦးတို့ကိုဖမ်းဆီးကာ ကျေးရွာ၏အနောက်တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း စာမျက်နှာ ၁၆ ကော်လံ ၅ ▶▶

## နမ့်ခမ်းမြို့အတွင်းရှိဈေးဆိုင်များအား ဆက်ကြေးကောက်ခံနေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူနှစ်ဦးဖမ်းဆီးရမိ

စာ - ၁၅ သို့

## မြန်မာ ယူ-၁၅ အသင်း လာအိုအသင်းကိုအနိုင်ရ

ရန်ကုန်  ဇူလိုင်  ၁၁

ထိုင်းနိုင်ငံ၌ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၅ ပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်းသည် လာအိုယူ-၁၅ အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲတွင် သရေကျထားသောကြောင့် ယခုပွဲတွင်အနိုင်ရရန် ကြိုးစားကစားခဲ့ပြီး အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ရန်နိုင်လင်း၊ မိနစ် ၈၀ တွင် လမင်းထက်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် သရေကျထားသောကြောင့် နှစ်ပွဲကစားအပြီးတွင် လေးမှတ်ရရှိထားသည်။

မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(၂၂၀)

www.facebook.com/themyawadydaily